မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၈ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ စနေနေ့၊ အတွဲ(၄၇)၊ အမှတ်(၃၅၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၉

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ နေပြည်တော်မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့်ကော်မတီဝင်များ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အသီးသီးတို့မှဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ သည် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းတို့၏ စာမျက်နှာ ၉ ကော်လံ ၃ ❍

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသွားသော အားကစားဝန်ကြီးဌာန ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ကျန်းမာရေးပညာပေး

အသက်ကလေးရယ်တဲ့ ရှည်စေလို

မြင့်မောင်စိုး-ကိုးကားရေးသားသည်
စာမျက်နှာဖွဲ့စည်းသူ-မြင့်စိုး

လန်ဒန် စက်တင်ဘာ ၁၉

မျက်မှောက်ခေတ်သည် လူသားတို့၏ နေထိုင်၊ စားသောက်သည့် လူနေမှုစနစ် ပြောင်းလဲလာခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ တိုးပွားလာသည်။

အလေ့အထ

ချမ်းသာကြွယ်ဝကြသည့် အနောက်နိုင်ငံကြီးများတွင် အများစုမှာ အမျိုးသားရော၊ အမျိုးသမီးများပါ ဆေးလိပ်သောက်သုံးခြင်း အလေ့အထ စွဲကပ်နေသည်။ စာမျက်နှာ ၈ ကော်လံ ၄ ❒

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

နိုင်ငံတစ်ခုတွင် တိုင်းတစ်ပါးသားများက ကျူးကျော်စွက်ဖက်နေပြီဆိုလျှင် ယင်းတိုင်းတစ်ပါးသား နယ်ချဲ့သမားများကို ဆန့်ကျင်တိုက်ထုတ်ပြီး မိမိတို့နိုင်ငံ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်အောင် ကြိုးပမ်းရမည့် တာဝန်သည် အဆိုပါနိုင်ငံသားတို့၏ သမိုင်းပေးတာဝန်သာ ဖြစ်သည်။

သတင်းထောက်သက်ရှည်၏ဆောင်းပါး
အတွင်း (စာ-၁၀)တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၀ရက်)

နိုင်ငံတော်၏စေတနာ သိမြင်သဘောပေါက် လူမှုစီးပွားဘဝ လုံခြုံစွာရပ်တည်နိုင်ရေး အသိစိတ်ဓာတ်ရှိရှိ ကြိုးပမ်း

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၅ရက်က ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ သဃ်န်းကြီးကျေးရွာ၊ ပြင်စလူမြို့နှင့် ပိုးလောင်းကျေးရွာတို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ အကောင်အထည် ဖော်လျက်ရှိသည့် လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ လမ်း၏ လပွတ္တာ-သဃ်န်းကြီးအပိုင်း မြေသားဖောက်လုပ်မှုနှင့် သဃ်န်းကြီးကျေးရွာအနီး၌ ရေဘေးမှခိုလှုံနိုင်ရန် နမူနာတည်ဆောက်ထားသည့် သက်ကယ်တောင်တန်း Hillock ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပင်လယ်ဝတွင်တည်ရှိသည့် ဒေသများသည် သဘာဝဘေးအန္တရာယ် ကျရောက်မှုကို ထိတွေ့ခံစားခဲ့ရပြီး အသက်အိုးအိမ် ဆုံးရှုံးမှု များစွာရှိခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မည့် ကျေးရွာများကို ဒေသခံ ပြည်သူများ၏ ဆန္ဒနှင့်အညီ လုံခြုံစိတ်ချစွာ နေထိုင်နိုင်သည့်နေရာများ၌ နေထိုင်နိုင်ရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည်။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက ဘေးလွတ်ရာသို့ အလွယ်တကူ ရှောင်ရှားနိုင်ရန် လမ်းကွန်ရက်စနစ်ကို အကောင်အထည်ဖော်လျက်ရှိရာ၌ လပွတ္တာ-သဃ်န်းကြီး-ပြင်စလူ ကားလမ်းကို ဖောက်လုပ်ပေးခဲ့သည်။

ယင်းကားလမ်းသည် လပွတ္တာ-သဃ်န်းကြီးအပိုင်း၊ သဃ်န်းကြီး-စလူဆိပ်အပိုင်း၊ စလူဆိပ်-ပြင်စလူအပိုင်းဟူ၍ သုံးပိုင်းခွဲရှိရာ သဃ်န်းကြီးအပိုင်းသည် တစ်ကြောင်းထိုးလမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လေဘေးသင့်ပြည်သူတို့ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်မှုများ အကောင်အထည် ဖော်ပေးလျက်ရှိသကဲ့သို့ လုံခြုံစိတ်ချစွာနေထိုင်နိုင်ရေးအတွက် စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများအပိုင်းကလည်း နိုင်ငံတော်၏စေတနာကို သိမြင်သဘောပေါက်ပြီး မိမိတို့၏ လူမှုစီးပွားဘဝ လုံခြုံစိတ်ချစွာ ရပ်တည်နိုင်ရေးအတွက် အသိစိတ်ဓာတ် ရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ॥

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငွေချည်(၆) ချည်မျှင်ရှည်ဝါ ကံမမြို့နယ်၌ စုပေါင်းစိုက်ပျိုး

ကံမ စက်တင်ဘာ ၁၉

သရက်ခရိုင် ကံမမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ကံမမြို့နယ် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမှ ကြီးမှူးကျင်းပသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စုပေါင်းစိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၁၀ရက် နံနက် ၈နာရီက ကံမမြို့နယ် ပဇင်းနိမ့်ကျေးရွာအုပ်စု ဝက်ကုန်းကျေးရွာ ကွင်းအမှတ် (၁၇၄)ရှိ တောင်သူဦးသောင်းညွန့်၏ ယာမြေငါးဧက၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး သရက်ခရိုင် မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးကြည်ဝင်းက ငွေချည်(၆) ချည်မျှင်ရှည်ဝါ သိကောင်းစရာများ၊ မျိုးသန့်ပြန့်ပွားရေးလုပ်ငန်းစဉ်များကို ရှင်းလင်း၍ မြို့နယ်မန်နေဂျာ ဦးမျိုးသီဟက ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးနည်းစနစ်ကို ရှင်းလင်း ဆွေးနွေးကြပြီး လက်တွေ့ပြသ ပေးကြသည်။

စုပေါင်းစိုက်ပျိုး

ယင်းနောက် မြို့နယ်စိုက်/ကြပ် အဖွဲ့နှင့် တက်ရောက်လာသော တောင်သူများက ငွေချည်(၆)ချည်မျှင်ရှည်ဝါကို စနစ်တကျ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၂၀-၉-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချစ်သူနှစ်ဦးရဲ့ မနက်ဖြန်** သရုပ်ဆောင်-ဒွေး၊ စိုင်းစိုင်းခမ်းလှိုင်၊ နန္ဒာလှိုင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၀၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၀	၈။	ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	အင်္ဂလိပ်စာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း **စိတ်၏စေရာ ၃၀၂** (အပိုင်း-၁)

ရှမ်းပြည်နယ်(မြောက်ပိုင်း) အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်ဖွင့်လှစ်ပေး

လားရှိုး စက်တင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ရက် နံနက်ပိုင်းက လားရှိုးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်သန်း ထွဋ် တက်ရောက်ဖွင့်လှစ်၍ **(အပေါ်ပုံ)** အမှာစကားပြောကြားသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ တိုင်းမှူး၏ဇနီး ဒေါ်ချယ်ရီ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ၎င်းတို့၏ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကြီးကြပ်ရေးနှင့် ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်အားပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ပြိုင်ပွဲ အစီအစဉ်များကို ဆက်လက်ကျင်းပကြောင်း သိရသည်။ (၀၂၆)

အစိုးရဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

သီပေါ စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါ မြို့နယ် အစိုးရဝန်ထမ်းများ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို စက်တင်ဘာ ၁၃ရက် နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း ခန်းမဆောင်၌ ကျင်းပ သည်။

ရှေးဦးစွာ သဘာပတိ အစိုးရဝန်ထမ်း များ ငွေစုငွေချေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးတင်မောင်မောင်နှင့် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောဖုန်းမြင့်တို့က အမှာ စကားပြောကြားကြပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အသင်း အတွင်းရေးမှူး ဒေါ်နန်းရီရီဝင်း၊ စာရင်းစစ် အစီရင်ခံစာကို အသင်းဝင် ဒေါ်မူမူလှိုင်၊ အသင်းစည်းမျဉ်းစည်းကမ်း ပြင်ဆင်ခွင့် ကိစ္စများကို အသင်းဝင် ဦးစိုင်း ကျော်ခိုင်တို့က ဖတ်ကြား တင်သွင်းကာ အသင်းဝင်သုံးဦးက အကြံပြု ဆွေးနွေးကြ သည်။ (၀၂၀)

မုံရွာမြို့နယ် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

မုံရွာ စက်တင်ဘာ ၁၉

မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံး ကျွတ်အစည်းအဝေး (၂၀၀၈)နှင့် ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ရက် နံနက် ၉နာရီက မုံရွာမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ ဂီတရသခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ မုံရွာမြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ၊ ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့် ပွဲကို ဆက်လက်ကျင်းပရာ၂၀၀၇-၂၀၀၈ ပညာ သင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန် စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ သွေးလှူရှင်အသင်း၊ ထူးချွန် ကြက်ခြေနီ၊ ထူးချွန် မီးသတ်တပ်ဖွဲ့ ဝင်များ၊ ဧရာဝတီတိုင်း လေဘေးသင့်ဒေသ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများတွင် သွား ရောက် ကူညီဆောင်ရွက်ခဲ့ကြသော အသင်း ဝင်များ၊ အလှူရှင်များအား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်း များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့် ကြသည်။ **(အောက်ဝဲပုံ)**

ဖတ်ကြားတင်သွင်း

ထို့နောက် အစည်းအဝေးကို ဆက်လက် ကျင်းပရာ စစ်ကိုင်းတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးစိုးစိုးနှင့် ခရိုင်အတွင်းရေးမှူး ဦးကံညွန့်တို့က အဖွင့်အမှာစကား ပြော ကြားကြပြီး မြို့နယ်အလုပ်အမှုဆောင် ဒေါ်မြ မြက မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း၍ အစီ ရင် ခံစာအပေါ် ကဏ္ဍအလိုက် အစုအဖွဲ့ များ၏ အကြံပြုဆွေးနွေးချက်များအား အလုပ်အမှုဆောင်အဖွဲ့မှ ပြန်လည်ရှင်းလင်း ကာ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်း တင်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ

စက်မှု(၂)ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ညွှဲအဖွဲ့တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၉

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co.,Ltd. မှ Vice President, Mr.Wang Bo သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်းသို့ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် China CAMC Engineering Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရေးနှင့် နှစ်ဖက်ကြိုတင်ဆောင်ရွက်ရန်ကိစ္စများ ဆွေးနွေးညှိနှိုင်းကြသည်။

တက်ရောက်

တွေ့ဆုံရာသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမျူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြန်/ဆက် အထက(၄)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ဦးစီးပြီး အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄) လှသဇင်ခန်းမတွင် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲနှင့် ဟောပြောပွဲကို ယမန်နေ့နံနက် ၈နာရီက ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်လှ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀တို့ တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**

ဟောပြော

ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က မိမိဘဝကို ဘယ်လိုမြှင့်တင်မလဲ ခေါင်းစဉ်ဖြင့် ဟောပြောကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်လှက ကျေးဇူးတင်စကားပြောကြားပြီး ဟောပြောပွဲကို ရုပ်သိမ်းလိုက်သည်။

(မြို့နယ်ပြန်/ဆက်)

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်း သင်တန်း အမှတ်စဉ်(၁၂) ဆင်းပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံဘဏ်များအသင်း ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား ဆုများချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်း ဆရာ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဆက်လက်၍ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၈ဦး တက်ရောက်ခဲ့ကြပြီး ရက်သတ္တ၁၂ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လားရှိုးမြို့နယ် ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

လားရှိုး စက်တင်ဘာ ၁၉

လားရှိုးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက် ညနေ ၃ နာရီက လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်စွဲ

ဗိုလ်လုပွဲတွင် အမှတ်(၁၂)ရပ်ကွက် ဘောလုံးအသင်းနှင့် အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ အမှတ်(၁၂)ရပ်ကွက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ လားရှိုးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထိန်လင်းက ပထမရရှိသော အမှတ်(၁၂)ရပ်ကွက် ဘောလုံးအသင်းအား ငွေသားဆု၊ ဆင့်ပွားဖလားနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဖေက ဒုတိယရရှိသော အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းအား ငွေသားဆုနှင့် ဆုဖလားကို လည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဦးသူအောင်က အသန့်ရှင်းဆုံး အသင်းဆုရရှိသော ခါးသျှိုကျေးရွာအသင်းကို လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်သိန်းက ပွဲစဉ်တစ်လျှောက် နေရာအလိုက် အကောင်းဆုံးဆုရ အားကစားသမားများကိုလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြို့သစ်မြို့၌ မြေယာရှုခင်းအလှဆင်

မြို့သစ် စက်တင်ဘာ ၁၉

မကွေးတိုင်း မြို့သစ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် စက်တင်ဘာ ၁၃ရက်က တောင်တွင်း-မြို့သစ်-နတ်မောက် လမ်းဘေးဝဲယာတွင် မြေယာရှုခင်းအလှဆင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များ အစားထိုးစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

● *ကျော့ဖုံးမှ*

အညစ်အကြေးများစွန့်ပစ်

အမေရိကန်နိုင်ငံတွင် ရေထုညစ်ညမ်းမှု အရပ်ရပ်၏ ထက်ဝက်ကျော်မှာ စက်မှုလုပ်ငန်းများနှင့် ဆက်နွှယ်နေကြောင်း လေ့လာတွေ့ရှိရသည်။ ယင်းနိုင်ငံရှိ စက်ရုံ ၃၇၀၀၀ ခန့်သည် ချောင်းများ၊ ကန်များနှင့် ပင်လယ်သမုဒ္ဒရာများအတွင်းသို့ အညစ်အကြေးများ စွန့်ပစ်လျက်ရှိသည်။ အဆိုပါ စက်ရုံများသည် ရေတွင်မျောပါသော နည်းလမ်းဖြင့် အညစ်အကြေးစွန့်ပစ်ရာတွင် ရေချိုပမာဏ အမြောက်အမြား သုံးစွဲသဖြင့် ရေချိုအရင်းအမြစ် ပြုန်းတီးမှုကိုလည်း ဖြစ်ပေါ်စေသည်။ စွန့်ပစ်ပစ္စည်းအဖြစ် ထုတ်လွှတ်လိုက်သောအရည် (effluent) သည် ပတ်ဝန်းကျင်ညစ်ညမ်းစေသော ဝတ္ထုပစ္စည်းများကို ပျံ့နှံ့စေသည်။

ပါဝင်

သဲကြမ်းကျောက် (grit)၊ ကျောက်ဂွမ်း(asbestos)၊ ဖော့စဖိတ်(phosphates)နှင့် နိုက်ထရိတ်(nitrates)၊ ပြဒါး (mercury)၊ ခဲ (lead)၊ ကော့စတစ်ဆိုဒါ (caustic soda)၊ ဆိုဒီယမ်ဒြပ်ပေါင်းများ (sodium compounds)၊ ကန့် (sulfur)၊ ဆာလ်ဖျူရစ်အက်စစ်(sulfuric acid)၊ ရေနံ (oils)နှင့် ရေနံဓာတုပစ္စည်းများ (petrochemicals)သည် ညစ်ညမ်းစေသော ပစ္စည်းများတွင် ပါဝင်သည်။

၎င်းအပြင် ပျော်ဝင်ခြင်းမရှိသော ဓာတ်စားသတ္တိရှိ ပစ္စည်းများ (corrosives)၊ အဆိပ်ပစ္စည်းများနှင့် ဥပဒ်ဖြစ်စေနိုင်သော ဘေးထွက်ပစ္စည်းများ (byproducts) သည်လည်း စက်မှုလုပ်ငန်းဆိုင်ရာ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သည်။

ရေထုညစ်ညမ်း

ရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသော အဓိကအကြောင်းတရားများအနက် မြို့များမှ စွန့်ပစ်သော အညစ်အကြေးများ ပါဝင်သည်။ မြေအောက်သို့အညစ်အကြေးများ စွန့်ပစ်ရာမှ မြေအောက်ရေ ညစ်ညမ်းမှုဖြစ်ပေါ်သည်။ ၎င်းအပြင် မြေပေါ်ရေအတွင်းသို့ အညစ်အကြေးများ စိမ့်ဝင်ရာမှ ရေထုညစ်ညမ်းရသည်။

နေအိမ်များမှ အမှိုက်သရိုက်များ စွန့်ပစ်သည့်နည်းတူ စက်မှုလုပ်ငန်းများက စွန့်ပစ်သည့် ရေဆိုးများကြောင့်လည်း ရေထုညစ်ညမ်းရသည်။ စက်ရုံများမှ စွန့်ပစ်သော အညစ်အကြေးများသည် မြစ်အတွင်းသို့ ရောက်ရှိသွားမည်ဆိုပါက ရေနေသတ္တဝါငယ်များ သေဆုံးနိုင်ကာ ငါးများအတွက် အစာရှားပါးလာနိုင်သည်။

မြစ်ချောင်းများနှင့်မဝေးသော နေရာများရှိ စက်ရုံများမှ ဓာတုပစ္စည်း အညစ်အကြေးများ၊ အာဆင်းနစ်အက်စစ်များ၊ ဆိုးဆေးနှင့် ဓာတ်ဆေးရည်များ စသည်တို့ ထုတ်လွှတ်နိုင်သည်။

လျှော့ချနိုင်

စက်ရုံများသည် စွန့်ပစ်ရေများကို စနစ်တကျ သုတ်သင်ရှင်းလင်းနိုင်မှသာ ရေထုညစ်ညမ်းမှုကို လျှော့ချနိုင်ပေမည်။

စက်ရုံအလုပ်ရုံတို့မှ ပေါ်ထွက်လာသော အညစ်အကြေးများသည် မြစ်ချောင်း၊ အင်းအိုင်များအတွင်း ရေမြှုပ်များအဖြစ် မျောပါနေသည်ကို တွေ့နိုင်သည်။

ရေဆိုးသန့်စင်

စက်မှုလုပ်ငန်းများကြောင့် ရေထု ညစ်ညမ်းမှုမဖြစ်စေရေးအတွက် ရေဆိုးသန့်စင်သော နည်းစနစ်များကို တီထွင်ဖော်ထုတ်လာကြသည်။ ရေဆိုးအတွင်းရှိ အညစ်အကြေးများကို အနည်ထိုင်စေပြီး အကျိုးပြုဗက်တီးရီးယားများကိုထည့်ကာ ရောဂါပိုးမွှားများကို စားပစ်စေသည်။

ပြဒါးအဆိပ်သင့်

စက်မှုထွန်းကားသည့် နိုင်ငံများတွင် ပြဒါးအဆိပ်သင့်သည့် ပြဿနာများ ပေါ်ပေါက်ခဲ့သည်။ ပင်လယ်ရေအတွင်း ပြဒါးအဆိပ်ရည်စွန့်ပစ်ရာမှ ငါးများအဆိပ်သင့်ရပြီး ယင်းငါးများကို စားသုံးသောလူတို့ပါ ပြဒါးအဆိပ်သင့်သည့် ဝေဒနာကို ခံစားကြရသည်။

ဥရောပတွင် အရှည်လျားဆုံးမြစ်ဖြစ်သော ဗော်လ်ဂါမြစ် (Volga)သည် လည်းကောင်း၊ အနောက်ဥရောပရှိ ရိုင်းမြစ် (Rhine)သည် လည်းကောင်း စက်မှုလုပ်ငန်းများကြောင့် ညစ်ညမ်းမှုဖြစ်ပေါ်ရသည်။ ဆွစ်ဇာလန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှ စက်မှုစွန့်ပစ်ပစ္စည်းများကို ရိုင်းမြစ်အတွင်းသို့ စွန့်ပစ်ခဲ့ကြရာမှ မြစ်ရေညစ်ညမ်းမှု ဖြစ်ပေါ်ခဲ့ရသည်။

အချုပ်အားဖြင့် လူနှင့်သက်ရှိတို့ အသက်ရှင်သန်ရေးအတွက် အခြေခံအကျဆုံး ရေကောင်းရေသန့်ရရှိစေရန် စက်မှုအညစ်အကြေးများပြဿနာကို ကမ္ဘာ့နိုင်ငံများအားလုံးက အလေးထားဖြေရှင်းသင့်ပါကြောင်း ရှုမြင်မိပါသည်။ ။

ရည်ညွှန်း-အင်တာနက်မှတ်တမ်းများ

✻ *ကျော့ဖုံးမှ*

အာကာသယာဉ်လွှတ်တင်ရေးအတွက် ရာသီဥတုပြောင်းလဲမှုအနေအထား အမျိုးမျိုးနှင့် အာကာသယာဉ်၏ အစိတ်အပိုင်း စသည့်အရာများကို အသေးစိတ် စစ်ဆေးပြီးသွားပြီဖြစ်ကြောင်း၊ လွှတ်တင်မည့်ရက်ကို တရားဝင်ထုတ်ပြန်လိုက်ပြီးနောက် ရာသီဥတုအခြေအနေကို မိမိတို့စောင့်ကြည့်နေကြောင်း အိုင်အက်စ်အာရ်အိုညွှန်ကြားရေးမှူး အင်နာဒူရီက ပြောကြားသည်။

လွှတ်တင်မည်

ရာသီဥတုမမျှော်လင့်ဘဲ ဆိုးရွားနေလျှင် ရက်ရွှေ့ဆိုင်းမည်ဖြစ်သော်လည်း ရာသီဥတုကောင်းမွန်ပါက သတ်မှတ်ထားသည့်အတိုင်း လွှတ်တင်မည်ဖြစ်သည်။

ဆွီဒင်၌ ခရီးသည်တင်လေယာဉ် ဂီယာချွတ်ယွင်းပြီး အရေးပေါ်ဆင်းသက်

ကိုပင်ဟေဂင် စက်တင်ဘာ ၁၉

ဆွီဒင်နိုင်ငံတွင် ခရီးသည် ၁၄၅ဦးကို တင်ဆောင်ပျံသန်းလာသော ဘိုရင်း ၇၃၇ လေယာဉ်ကြီးသည် ဆွီဒင်နိုင်ငံတောင်ပိုင်း ကိုပင်ဟေဂင်လေဆိပ်သို့ ဂီယာချွတ်ယွင်းသဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဆွီဒင်လေကြောင်းအရာရှိများက ပြောကြားသည်။

ဂီယာချွတ်ယွင်း

အဆိုပါ လေယာဉ်ကြီးသည် ဆွီဒင်နိုင်ငံ ဘီလ်လန့်မြို့မှ လန်ဇာရိုတီမြို့သို့ ပျံသန်းလာစဉ် ဂီယာချွတ်ယွင်းပြီး ကိုပင်ဟေဂင်လေဆိပ်သို့ ဆင်းသက်ခဲ့ရသော်လည်း ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရသည်။

ပါကစ္စတန်နယ်စပ် အမေရိကန်တို့ဒုံးကျည်ဖြင့်တိုက်ခိုက်မှု စစ်သွေးကြွငါးဦးနှင့် အရပ်သားများ သေဆုံးခဲ့ကြရ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၉

အမေရိကန်တို့၏ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် စက်တင်ဘာ၁၈ရက်က ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် စစ်သွေးကြွငါးဦးနှင့်အရပ်သားများ သေဆုံးကြောင်း ပါကစ္စတန်အရာရှိတစ်ဦးက စက်တင်ဘာ ၁၈ရက်၌ ပြောကြားသည်။

ဒုံးကျည်ဖြင့်ခြောက်ကြိမ်ပစ်ခတ်

အာဖဂန်နစ္စတန်နိုင်ငံအတွင်း တာလီဘန်ပုန်ကန်ထကြွမှု အရှိန်မြင့်လာသည်ကို အမေရိကန်က တုံ့ပြန်ရာတွင် ယခုလအတွင်း ပါကစ္စတန်နိုင်ငံအတွင်းရှိ စစ်သွေးကြွများကို ဒုံးကျည်ဖြင့် ခြောက်ကြိမ်ပစ်ခတ်ပြီး လေကြောင်းချီ မြေပြင်ကွန်မန်ဒိုတပ်များဖြင့် ထိုးစစ်ဆင်ခဲ့သည်။

အသုံးချ

တာလီဘန်နှင့် အယ်လ်ခိုင်ဒါတပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်းတိုက်ခိုက်ရန် တစ်ဖက်နယ်စပ်အနီး ပါကစ္စတန်နိုင်ငံရှိ ပထန်လူမျိုးများ နေထိုင်ရာဒေသတို့ကို အသုံးချကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ သေဆုံးသူများအနက် သုံးဦးမှာ အာရပ်များဖြစ်ကြသည်ဟုလည်း ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

စက်ရုပ်ရဟတ်ယာဉ်

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ စက်ရုပ်လေကြောင်းပြပွဲ၌ ပါဝင်ပြသမည့် စက်ရုပ်ရဟတ်ယာဉ်တစ်စင်းကို စက်တင်ဘာ ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှု မည်သည့်ကျူးကျော်မှုကိုမျှ ပါကစ္စတန်ကလက်ခံမည်မဟုတ်ဟုပြောကြား

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၉

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ရက်က ပါကစ္စတန်နယ်စပ်ဖြတ်ကျော်ကာ အကြောင်းကြားခြင်းမရှိဘဲ ၎င်းနိုင်ငံနယ်စပ်အတွင်းမှ တာလီဘန်စစ်သွေးကြွများအားတိုက်ခိုက်ခဲ့ရာ ဒေသခံပြည်သူခြောက်ဦးသေဆုံးခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ပါကစ္စတန် နယ်စပ်ဖြတ်ကျော်ကာ စစ်သွေးကြွများအား အမေရိကန်တပ်က ကျူးကျော်တိုက်ခိုက်ရာ ၎င်းနိုင်ငံ ပြည်သူများ ဆန့်ကျင် ကန့်ကွက်ကြစဉ်။

(အင်တာနက်ဓာတ်ပုံ)

အနှောင့်အယှက်ဖြစ်

အာဖဂန်နစ္စတန်မှ နယ်စပ်ဖြတ်ကျော်ပြီး အမေရိကန်တို့ ပါကစ္စတန်နိုင်ငံအတွင်း စီးနင်းတိုက်ခိုက်မှုများကို ၎င်းနိုင်ငံအနေဖြင့် ကန့်ကွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားသင့်ကြောင်း၊ ယင်းကဲ့သို့ ဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုမျိုးသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ကုန်ထုတ်လုပ်မှုအပြင် စီးပွားရေးကဏ္ဍများကို အနှောင့်အယှက်ဖြစ်စေကြောင်း ထပ်လောင်းပြောကြားသည်။

ပြစ်တင်ရှုတ်ချ

အာဖဂန်နစ္စတန်၌ တာလီဘန်စစ်သွေးကြွများ၏ အကြမ်းဖက်တိုက်ခိုက်မှု အဆိုးရွားဆုံးဖြစ်ပေါ်နေရာမှ ပါကစ္စတန်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး ပုန်းအောင်းနေသည့် စစ်သွေးကြွများအား မကြာမီက အမေရိကန်နှင့် အပေါင်းပါတပ်များက ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းကို ပါကစ္စတန်နိုင်ငံက ပြစ်တင်ရှုတ်ချခဲ့သည်။

ကာကွယ်မည်

၎င်းနိုင်ငံအနေဖြင့် မည်ကဲ့သို့သော ကျူးကျော်တိုက်ခိုက်ခြင်းမျိုးကိုမဆို သည်းခံခွင့်လွှတ်မည်မဟုတ်ကြောင်းနှင့် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာကပြောကြားသည်။ **(အင်တာနက်)**

စင်ကာပူလေကြောင်းလိုင်း ဆဋ္ဌမမြောက် အေ-၃၈၀ လေယာဉ်လက်ခံရရှိ

စင်ကာပူ စက်တင်ဘာ ၁၉

အဲယားဘတ်စ် လေယာဉ်ကုမ္ပဏီမှ စင်ကာပူလေကြောင်းလိုင်းအတွက် လွှဲပြောင်းပေးအပ်လိုက်သည့် ဆဋ္ဌမမြောက် အေ-၃၈၀လေယာဉ်ကြီးမှာ စင်ကာပူနိုင်ငံသို့ စက်တင်ဘာ ၁၈ရက်က ရောက်ရှိလာပြီ ဖြစ်သည်။

နှစ်ထပ်လေယာဉ်

ယခုလွှဲပြောင်း လက်ခံယူလိုက်သည့် အေ-၃၈၀ စူပါဂျမ်ဘို နှစ်ထပ်လေယာဉ်ကြီးမှာ စင်ကာပူနှင့် လန်ဒန်သို့ စက်တင်ဘာ ၂၀ရက်မှ စတင်ကာ နေ့စဉ်ပျံသန်းပြေးဆွဲမည် ဖြစ်သည်။

ပျံသန်းပြေးဆွဲ

စင်ကာပူလေကြောင်းလိုင်း (အက်စ်အိုင်အေ)အနေဖြင့် ကမ္ဘာ့အကောင်းဆုံး လေကြောင်းလိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ လက်ရှိ အေ-၃၈၀လေယာဉ်ကြီးငါးစင်းမှာ ဆစ်ဒနီ၊ လန်ဒန်နှင့် တိုကျိုမြို့များသို့ ပျံသန်းပြေးဆွဲလျက်ရှိသည်။

အက်စ်အိုင်အေသည် အဲယားဘတ်စ် လေယာဉ်ကုမ္ပဏီမှ အေ-၃၈၀ လေယာဉ် ၁၃စင်း မှာယူထားပြီးဖြစ်ကာ နောက်ထပ် အေ-၃၈၀ လေယာဉ်ခြောက်စင်း ထပ်မံမှာယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံး ပေါက်ကွဲမှု ဖြစ်ပွား

ကဘူးလ် စက်တင်ဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၈ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားသဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးသွားခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

တပ်ဖြန့်ထား

သေဆုံးသည့် တပ်ဖွဲ့ဝင်များမှာ မည်သည့်နိုင်ငံသားများဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ သို့သော် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် တပ်ဖြန့်ထားသူအများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များ ဖြစ်သည်။

၂၀၀၈ခုနှစ်အတွင်း အာဖဂန်နစ္စတန်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၁၁၀ ကျော်သွားပြီဖြစ်ကာ ပြီးခဲ့သည့် ၂၀၀၇ခုနှစ်ကထက် သေဆုံးမှုအရေအတွက် များစွာတိုးပွားလာခဲ့သည်။ အမေရိကန်တပ်များအား အကြမ်းဖက်သမားများက တိုက်ခိုက်မှုမှာလည်း ၂၀၀၇ခုနှစ်ကထက် ၃၀ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ (အင်တာနက်)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံး ဖြစ်ရပ်များ ၁၉-၉-၂၀၀၈

တောင်ကိုရီးယား စီးပွားရေးတိုးတက်ရန် ကင်းလွတ်ခွင့်အချို့ ခွင့်ပြုပေးမည်

ဆိုးလ် စက်တင်ဘာ ၁၉

တောင်ကိုရီးယား အစိုးရသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရန်နှင့် ပူးပေါင်းယှဉ်ပြိုင်ဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက် နိုင်ငံ၏ အသံလွှင့်လုပ်ငန်း၊ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းနှင့်ဝန်ဆောင်မှု လုပ်ငန်းများကို မြှင့်တင်ရန်အတွက် စည်းမျဉ်းကန့်သတ်မှုကို ကင်းလွတ်ခွင့်ပေးမည်ဟု ကြေညာခဲ့ကြောင်း တောင်ကိုရီးယား ရှေ့ဆောင်သတင်းစာက ဖော်ပြသည်။ စီးပွားရေးလုပ်ငန်းကြီးများ၊ သတင်းစာထုတ်ဝေသူများ၊ ပြည်ပမှလာရောက်ရင်းနှီးမြှုပ်နှံသူ ဆက်သွယ်ရေးလုပ်ငန်းရှင်ကြီးများ၊ ဒီဂျစ်တယ်နှင့် ကေဘယ်လ်နှင့် အသံလွှင့်ဌာနများအား လုပ်ကိုင်ခွင့် ကင်းလွတ်ခွင့်ပေးရန် နည်းပညာနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနက ၎င်း၏ အစီအစဉ်ကို အတည်ပြုခဲ့ကြောင်း အစည်းအဝေးတစ်ရပ်တွင် တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်က ပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်၌ ရွှေဈေးနှုန်းကျဆင်း

ပေကျင်း စက်တင်ဘာ ၁၉

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း စက်တင်ဘာ ၁၉ရက်က တရုတ်နိုင်ငံရှိ ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။ ယင်းနေ့ ရွှေဈေးမှာ ၄၄ဒသမ၄၉ဒေါ်လာကျဆင်းသွားခဲ့သဖြင့် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၈၂၇ဒသမ၁၆ဒေါ်လာသာရှိတော့သည်ဟု ဆိုသည်။

မြောက်ကိုရီးယား၌ နျူစက်ရုံများ ပြန်လည် စတင်မည်

ပြုံယမ်း စက်တင်ဘာ ၁၉

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယောင်ဗြွန် နျူကလီးယား ဓာတ်ပေါင်းဖိုကို ၎င်းတို့၏ မူလအခြေအနေသို့ ပြန်ရောက်အောင် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း၊ ထို့ကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ၎င်းတို့၏နျူအစီအစဉ်ကို ဖျက်သိမ်းပြီးလျှင် အကြမ်းဖက်ရန် အလားအလာရှိသော နိုင်ငံများအဖြစ် နာမည်ဆိုးစာရင်းသွင်းထားခြင်းမှ ပယ်ဖျက်ပေးမည်ဆိုသောကတိကို အမေရိကန်နိုင်ငံက လိုက်နာရန် ပျက်ကွက်ခဲ့မှုကို တုံ့ပြန်လိုက်ခြင်းပင်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စက်တင်ဘာ ၁၉ရက်က ပြောကြားခဲ့သည်။

တရုတ်ဈေးကွက်ရှိ နွားနို့များ အန္တရာယ်ကင်းစွာ သောက်သုံးနိုင်

ပေကျင်း စက်တင်ဘာ ၁၉

တရုတ်ဈေးကွက်မှနွားနို့များမှာ ဘေးထွက်ဆိုးကျိုးပါဝင်ခြင်းမရှိဘဲ ဘေးအန္တရာယ်ကင်းစွာ သောက်သုံးနိုင်ကြောင်း၊ တရုတ်ထုတ်ကုန်ပစ္စည်း အရည်အသွေးထိန်းသိမ်းမှုအဖွဲ့က နိုင်ငံတစ်ဝန်း အထူးစစ်ဆေးစမ်းသပ်ပြီးနောက် ကြာသပတေးနေ့က ကြေညာသည်။

အဆိုပါ ဓာတုပစ္စည်းများကို ယခုလအစောပိုင်းက စန်လူ အမှတ်တံဆိပ် နို့မှုန့်တွင် ပထမတွေ့ရှိရသည်။ ထိုပစ္စည်းက ကလေးသူငယ်များ၏ ကျောက်ကပ်ကို ထိခိုက်ပျက်စီးစေတတ်သည် ဆိုသည်။

ဗဟိုနှင့် ဒေသအာဏာပိုင်များသည် နို့ထုတ်လုပ်သည့် ကုမ္ပဏီပေါင်း ၄၀၀ကျော်ကို စစ်ဆေးပြီးနောက် အထက်ပါအတိုင်း ကြေညာလိုက်ခြင်းဖြစ်သည်။ ထုတ်လုပ်သူများအနေဖြင့် သန့်သန့်ရှင်းရှင်း စီမံဆောင်ရွက်ရန်လည်း အာဏာပိုင်များက သတိပေးထားသည်။

အီရတ်အမျိုးသားလေးဦးအား ပစ်သတ်မှု ကန်တပ်ဖွဲ့ဝင်တစ်ဦးအား ထောင်ဒဏ်ချမှတ်

ဘာလင် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံ၌ ပြီးခဲ့သည့်နှစ်က ဖမ်းဆီးထားသော အီရတ်အကျဉ်းသားများအား ပစ်သတ်ရာတွင် ပါဝင်ကြောင်းဝန်ခံသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ဘဲလ်မာရာမို့စ်(၂၃)နှစ်အား ထောင်ဒဏ်ခုနစ်နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အမေရိကန်ကြည်းတပ်က ကြာသပတေးနေ့တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့ တူးမြောင်းအနီးတွင် လက်နက်မဲ့ လက်ထိပ်ခတ်ပြီး မျက်နှာအဝတ်စည်းထားသည့် အီရတ်အကျဉ်းသားလေးဦးအား ၂၀၀၇ခုနှစ် ပထမခြောက်လပိုင်းအတွင်း သတ်ဖြတ်ခဲ့မှုဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ဘဲလ်မာရာမို့စ်အား ပြစ်ဒဏ်စီရင်ချမှတ်ရာ၌ ထောင်ဒဏ်အပြင် ရာထူးချပြီး လစာနှင့်ခံစားခွင့်အားလုံးပါ ပြစ်ဒဏ်အဖြစ် အသိမ်းခံရမည်ဖြစ်ကြောင်း သိရသည်။

နီပေါအလယ်ပိုင်း၌ ဘတ်စ်ကား မြစ်အတွင်းထိုးကျ

ခတ္တမန္ဒူ စက်တင်ဘာ ၁၉

နီပေါနိုင်ငံ အလယ်ပိုင်း ခတ္တမန္ဒူမြို့တော်၏ အနောက်တောင်ဘက် ကီလိုမီတာ ၅၀ အကွာတွင် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းက မြို့တော်မှဘီဂန့်ဂျ်မြို့တော်သို့ ဦးတည်မောင်းနှင်လာသော ခရီးသည်တင် ဘတ်စ်ကား တစ်စီးသည် ဘီးချော်ကာ မာမက်ချ် မြစ်အတွင်းသို့ ထိုးကျခဲ့ကြောင်း၊ ယင်းမတော်တဆမှုကြောင့် ခရီးသည် ၁၄ ဦးသေဆုံးပြီး ၃၈ ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ဗင်နီဇွဲလားနှင့် ရုရှားဆွေးနွေး

ကာရာကက် စက်တင်ဘာ ၁၉

ဗင်နီဇွဲလားနိုင်ငံ ကာရာကက်မြို့တော်တွင် စက်တင်ဘာ ၁၈ရက်က ရုရှားဒုတိယဝန်ကြီးချုပ်အိုင်ဂေါ်ဆီချန်နှင့် ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး နီကိုးလက်စ်မာဒူရိုတို့ တွေ့ဆုံ၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမြင်ချင်းဖလှယ်

တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးပွဲတွင် မာဒူရိုနှင့် ဆီချန်တို့ အနေဖြင့် နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာများ၊ စစ်ဘက်ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှုတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည့်အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ကြိုတင်ပြင်ဆင်

ထို့ပြင် လာမည့် အောက်တိုဘာ ၁၆ရက်နှင့် ၁၇ရက်တို့တွင် နှစ်နိုင်ငံ အဆင့်မြင့်အရာရှိများ တွေ့ဆုံဆွေးနွေးပွဲအတွက်လည်း ကြိုတင်ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အင်တာနက်)**

ဘဝအမောပြေ

သူ့အရည်အချင်း

ကုမ္ပဏီတစ်ခုတွင် ငွေစာရင်းဌာန၌ အလုပ်ခန့်ရန် လျှောက်ထားသူတစ်ဦးကို သူဌေးကိုယ်တိုင် လူတွေ့စစ်ဆေးမေးမြန်းလေသည်။

သူဌေး ။ ။ အလုပ်ကိုကြိုးစားဖို့လိုတယ်နော်။
အလုပ်လျှောက်သူ ။ ။ ဟုတ်ကဲ့။
သူဌေး ။ ။ တာဝန်ကို ပြီးပြတ်အောင်လုပ်ဖို့လည်း အရေးကြီးတယ်။
အလုပ်လျှောက်သူ ။ ။ စိတ်ချပါ။
သူဌေး ။ ။ ငွေစာရင်းဌာနကအရေးကြီးတယ်၊ အထူးဂရုစိုက်လုပ်ရမယ်။
အလုပ်လျှောက်သူ ။ ။ ဟုတ်ကဲ့၊ သိပါတယ်။
သူဌေး ။ ။ လုပ်ငန်းအတွေ့အကြုံနဲ့ အရည်အချင်းကို ပြောပြပါဦး။
အလုပ်လျှောက်သူ ။ ။ ချက် စာရွက်ပေါ်မှာ သူဌေး လက်မှတ်ကို တူအောင် ရေးထိုးနိုင်ပါတယ်။
သူဌေး ။ ။ **“ဟေ”**

ဘိုးသက်ရှည်

ဂျပန်နိုင်ငံတောင်ပိုင်း ကျူးရှူးကျွန်းတွင် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားကြီး တိုမိုဂျီတာနာဘီ၏ အသက် ၁၁၃နှစ်မြောက် မွေးနေ့ပွဲ ကျင်းပခဲ့သည်ကို စက်တင်ဘာ ၁၈ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

သူတို့အတွေးအမြင်

* *Let pride go afore, shame will follow after.*
မာနတရားက ရှေ့မှသွားပါစေ။ အရှက်တရားက နောက်မှ လိုက်လာလိမ့်မည်။

ဂျော့ချ်ချက်ပ်မင်း (အင်္ဂလိပ်လူမျိုးကဗျာဆရာ)

* *In never could explain why love anybody or anything.*
ကျွန်ုပ်သည် တစ်စုံတစ်ယောက်အား အဘယ်ကြောင့် ချစ်မြတ်နိုးသည် သို့မဟုတ် တစ်ခုခုအား အဘယ်ကြောင့် တွယ်တာမက်မောရသည်ဆိုသည့် အချက်ကို မည်သည့်အခါမျှ ရှင်းပြနိုင်မည် မဟုတ်ပါချေ။

ဝေါ့လ်ဝှစ်မင်း (အမေရိကန်လူမျိုးကဗျာဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

လောဘနောက်သို့ လိုက်ပါမိခဲ့ရာဝယ်....

နိုင်ငံတကာမှုခင်း

ဗြိတိန်နိုင်ငံ၏ မြို့တော်လန်ဒန်သည် လူနေထူထပ်စည်ကားပြီး စီးပွားရေးလုပ်ငန်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထွန်းကားသော မြို့ကြီးဖြစ်သည်။

လန်ဒန်မြို့ ဂူးဘန်းဂရိန်းအရပ်တွင် လီဝီလ်ကင်ဆန်နှင့် မာရီယာဝီလ်ကင်ဆန်တို့ ဇနီးမောင်နှံနှစ်ဦး နေထိုင်ခဲ့ကြသည်။ ယခုအခါ အသက်၆၀ရှိ လီဝီလ်ကင်ဆန်နှင့် ၅၅နှစ်ရှိ မာရီယာဝီလ်ကင်ဆန်တို့သည် ၁၉၆၈ခုနှစ်က လက်ထပ်ခဲ့ကြပြီး အိမ်ထောင်သက် ခြောက်နှစ်အကြာ ၁၉၇၄ခုနှစ်တွင် ဂရန့်ဝီလ်ကင်ဆန်**(ယာပုံ)**အမည်ရှိသားတစ်ဦးကို မွေးဖွားခဲ့သည်။

ဖွင့်လှစ်ရောင်းချ

လီနှင့်မာရီယာတို့သည် စီးပွားရေးလုပ်ငန်းရှင်ငယ်များဖြစ်ပြီး စီးပွားအသင့်အတင့်ရှိသော လူလတ်တန်းစားများ ဖြစ်ကြသည်။ သားဖြစ်သူ ဂရန့်ဝီလ်ကင်ဆန်၏ ပညာရေးကို အားပေးခဲ့သော်လည်း ဂရန့်သည် တက္ကသိုလ်ဝင်တန်းအရောက်တွင် ကျောင်းထွက်ခဲ့သည်။ ကျောင်းမှထွက်ခါကာစတွင် မိဘများ၏ စီးပွားရေးလုပ်ငန်း၌ အခိုက်အတန့် ကူညီခဲ့သော်လည်း နောက်ပိုင်းတွင် ငယ်စဉ်က သူဝါသနာပါခဲ့ရာ ကစားစရာသေနတ်များ အပါအဝင် အရုပ်မျိုးစုံရောင်းချသော ဆိုင်တစ်ဆိုင်ကို ဝါသနာအရ ဖွင့်လှစ်ရောင်းချခဲ့သည်။

သက်ဆင်းမိ

ဂရန့်သည် မိဘများနှင့်အတူမနေတော့ဘဲ သူ့စိတ်ကြိုက်နေရာများတွင် ပြောင်းရွှေ့နေထိုင်ကာ သူ၏ဆိုင်တွင် စူးစူးစိုက်စိုက် အာရုံနှစ်မြုပ် လုပ်ကိုင်ရာမှ ရရှိသောအမြတ်အစွန်းနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ ရာဇဝတ်မှုနှင့် ဆက်နွယ်သော စီးပွားရေးကို လုပ်ကိုင်ရာမှအစပြုပြီး ဒုစရိုက်အမှောင်အတွင်းသို့ သက်ဆင်းမိခဲ့လေတော့သည်။

ဖမ်းဆီး

နောက်ပိုင်းတွင် ဂရန့်သည် လူ၏အသက်အန္တရာယ်ကို မထိခိုက်စေနိုင်သော်လည်း သေနတ်အစစ်များနှင့် လုံးဝချွတ်စွပ်ဆင်တူသော သေနတ်အတုများကို ပြုလုပ်ခဲ့သည်။ ဂရန့်သည် ၎င်းသေနတ်အတုများကို ဒုစရိုက်သမားများအား ရောင်းချခဲ့သည်။ ခရီးသွားလုပ်ငန်းမှ အမျိုးသမီးတစ်ဦး အသတ်ခံရမှုတွင် သိမ်းဆည်းရမိခဲ့သော အမ်အေစီ-၁၀ သေနတ်အတုတစ်လက်ကို တွေ့ရှိခဲ့ရာမှ အစပြုကာ ဂရန့်၏ ဒုစရိုက်လုပ်ငန်းမှာ ဘူးပေါ်သလိုပေါ်သွားခဲ့ပြီး သက်ဆိုင်ရာက ၎င်းအားဖမ်းဆီးခဲ့သည်။

ဝယ်ယူခဲ့

သက်ဆိုင်ရာ၏ စစ်ဆေးတွေ့ရှိချက်များနှင့် တရားရုံးတွင် ကြားနာစစ်ဆေးချက်များအရ ရုပ်ရှင်ကားတွင် ဇာတ်ဝင်ပစ္စည်းများအဖြစ် အသုံးပြုရန်ဟုဆိုကာ အမ်အေစီ-၁၀ သေနတ်အလက်ပေါင်း ၉၀ကို ဂရန့်က ပေါင် ၅၅၀၀၀ဖြင့် ပေးဝယ်ခဲ့ကြောင်း၊ ထို့အပြင် ယင်းသေနတ်၏ပုံစံတူ ကျည်ကတ် ၉၀ကိုလည်း ဝယ်ယူခဲ့ကြောင်း သိရသည်။

သိမ်းဆည်းရမိ

ရဲအဖွဲ့က ဂရန့်တစ်ဦးတည်း သီးသန့်နေထိုင်သောအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေရာ သီးခြားအဆောင်အတွင်းမှ အမ်အေစီ-၁၀ သေနတ်အတုသုံးလက်ကို တွေ့ရှိခဲ့သည်။ ဂရန့်၏ အစစ်ခံချက်အရ ၎င်း၏မိဘများအိမ်မှ စက်သေနတ်အတု ရှစ်လက်နှင့် လက်နက်တုမျိုးစုံကို စည်များအတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ဂရန့်သည် လက်နက်တုများကို ဒုစရိုက်ဘုရင်များအားရောင်းချပြီး ၎င်းတို့က လူဆိုးဂိုဏ်းဝင်များကို သေနတ်အတုတစ်လက်လျှင် ပေါင် ၂၅၀၀အထက်ဈေးဖြင့် ရောင်းချခဲ့သည်ဟုဆိုသည်။ ဂရန့်သည် လက်နက်တုကုန်ကူးမှုမှ ရရှိမြတ်စွန်းသော ငွေကြေးများဖြင့် ထိပ်တန်းစားသောက်ဆိုင်များနှင့် ဟိုတယ်များတွင် သုံးဖြုန်းစားသောက်ကာ လူချမ်းသာတစ်ဦးသဖွယ် နေထိုင်ခဲ့သည်။

ဂရန့်၏လက်နက်တုများသည် ပစ်ခတ်မှု ၅၂မှုနှင့် ဆက်နွယ်နေခဲ့သည်။ လွန်ခဲ့သော ၂၀၀၄ခုနှစ်ကတည်းက ဖြစ်ပွားခဲ့သော ပစ်ခတ်မှု ၅၂မှုအနက် ၄၇မှုသည် လန်ဒန်မြို့တွင် ဖြစ်ပွားခဲ့သည်။ ကျန်ပစ်ခတ်မှုများသည် ဗြိတိန်နိုင်ငံဝန်းကျင်၌ ဖြစ်ပွားခဲ့သည်။

တရကြမ်းပစ်ခတ်

၂၀၀၅ခုနှစ်က ဘရက်ဖို့ဒ်မြို့တွင် ဓားပြတိုက်မှုဖြစ်ပွားခဲ့ရာ အသက် ၃၈နှစ်ရှိ ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ရှရွန်ဘီရှီနှစ်ဗ်စကီ အမည်ရှိ အမျိုးသမီး သေဆုံးခဲ့သည်။ သူမသည် ဇမပစ္စတိုဖြင့် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။ ဖေဖော်ဝါရီလက အသက် ၁၅နှစ်ရှိ ကျောင်းသားလေး ဒိုဆန်မူသည် လန်ဒန်မြို့တောင်ပိုင်း ပက်ခ်ဟမ်အရပ်ရှိ ၎င်း၏နေအိမ်အိပ်ရာထဲတွင် ပစ်သတ်ခံခဲ့ရသည်။ ၂၀၀၅ခုနှစ် နိုဝင်ဘာက လန်ဒန်မြို့အရှေ့ပိုင်း ချိုင်းဖို့ဒ်အရပ်တွင်နေထိုင်သော အသက်၂၁နှစ်ရှိ ရစ်ချတ်ဟိုလ်မက်စ်သည် ပစ်သတ်ခံရမှုကြောင့် သေဆုံးခဲ့သည်။ ၂၀၀၆ခုနှစ် ဇူလိုင်လအတွင်းကလည်း လန်ဒန်မြို့ အနောက်မြောက်ပိုင်း ဝင်ဘလေအရပ်တွင် အသက်၂၉နှစ်ရှိ ဂျာဆန်ဂရီးန်သည် ၎င်း၏သားငယ်နှစ်ဦးနှင့်အတူ ကားအတွင်း၌ထိုင်နေစဉ် အသတ်ခံခဲ့ရသည်။ ၂၀၀၆ခုနှစ် အတွင်း၌ပင် လန်ဒန်မြို့တောင်ပိုင်း အိုဗယ်လ်အရပ်အနီးဝန်းကျင်တွင် သေနတ်သမားများ၏ တရစပ်ပစ်ခတ်မှုကြောင့် အသက် ၁၉နှစ်ရှိ ဂျာမေးလ်ချူတန်သေဆုံးခဲ့ရသည်။

ပြစ်ဒဏ်ချမှတ်

အသက် ၃၄နှစ်ရှိ ဂရန့်ဝီလ်ကင်ဆန်အား လန်ဒန်၊ ဘာမင်ဂမ်၊ မန်ချက်စတာ နှင့် ဆောက်သမ်ပတမ်တို့တွင် ဖြစ်ပွားခဲ့သော လူသတ်မှုကိုးမှုနှင့် ဆက်နွယ်၍ တရားစွဲဆိုခဲ့ရာ ၎င်းကငြင်းဆိုခဲ့သော်လည်း ရက်ဒင်းတရားရုံးက အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။ ထို့ကြောင့် ၎င်းအား ပြီးခဲ့သည့် ဩဂုတ် ၂၈ရက်က ထောင်ဒဏ် ၁၁နှစ် ကျခံရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ယခုဖြစ်ရပ်တွင် ဂရန့်ဝီလ်ကင်ဆန်သည် ၎င်းဝါသနာပါရာလုပ်ငန်းကို စိတ်ပါဝင်စားစွာလုပ်ဆောင်ရင်းမှ လောဘနောက်သို့ လိုက်ပါမိခဲ့သဖြင့် ဒုစရိုက်နွံတွင်းသို့ သက်ဆင်းခဲ့ရသောဖြစ်ရပ်ကို သင်ခန်းစာ ယူဖွယ်အဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။

ကိုးကား-အင်တာနက် **ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်**

ရေနွေးကြမ်း နေ့စဉ်ပုံမှန်သောက်သုံးလျှင် ကျောက်ကပ်ရောဂါဖြစ်ပွားမှု ကာကွယ်နိုင်

အင်တာနက် ကျန်းမာရေး

ရေနွေးကြမ်းကို နေ့စဉ်ပုံမှန်သောက်သုံးပေးပါက ကျောက်ကပ်ရောဂါ မဖြစ်ပွားအောင်ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သွေးသန့်စင်မှု

ရေနွေးကြမ်းတွင်ပါဝင်သော ဓာတ်များက သွေးအတွင်း ကိုလက်စထရောကျဆင်းအောင်ကူညီပေးနိုင်ပြီး သွေးသန့်စင်မှုကိုလည်းအထောက်အကူပေးကြောင်း၊ ထို့အပြင် ခန္ဓာကိုယ်အတွင်း ထွက်ရှိတတ်သည့် အညစ်အကြေးများကို ဖယ်ရှားပေးနိုင်သည့်အပြင် သွေးအတွင်း သကြားဓာတ်ပမာဏကိုလည်း လျော့နည်းကျဆင်းစေကြောင်း ၎င်းတို့က ပြောကြားသည်။

သန့်စင်ပေး

ရေနွေးကြမ်းကို နေ့စဉ်ပုံမှန် နှစ်လီတာခန့်သောက်သုံးပေးပါက ကျောက်ကပ်တွင်ရှိသော အညစ်အကြေးများကို သန့်စင်ပေးနိုင်သည့်အပြင် ကျောက်ကပ်ကျန်းမာရေးကို အထောက်အကူပေးကြောင်း တွေ့ရှိရသည်ဟုဆို၏။ ထို့အပြင် ရေနွေးကြမ်း ပုံမှန်သောက်သုံးလေ့ရှိသူများသည် ဦးနှောက်နှာ့ဗ်ကြောများ လန်းဆန်းမှုနှင့် ဦးနှောက်ဆဲလ်များပျက်စီးမှုတို့ကို ကာကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အီရတ်၌ တိုက်ခိုက်မှုဖြစ်ပွား၊ အရပ်သား ၁၅ ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၉

အီရတ်နိုင်ငံအတွင်း သေနတ်ပစ်ခတ်မှုများနှင့် ဗုံးပေါက်ကွဲမှုများကြောင့် အရပ်သား ၁၅ဦးသေဆုံးခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၉ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

စက်တင်ဘာ ၁၈ရက်က ဘဂ္ဂဒက်မြို့ မြောက်ပိုင်းတွင် ကားဗုံးနှစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲအရာရှိများက ပြောကြားသည်။ ထို့ပြင် ဘဂ္ဂဒက်မြို့လယ်ရှိ လမ်းဆုံ၌လည်း လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားခဲ့သည်။

ဒဏ်ရာရ

ကယ်လ်ကွတ်မြို့၌ စက်တင်ဘာ ၁၇ရက်ညပိုင်းက မော်တော်ယာဉ်တစ်စီးကို အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးခဲ့ပြီး တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားခဲ့သည်။

သေဆုံး

ထို့အတူ စက်တင်ဘာ၁၇ရက် ညပိုင်း၌ပင် အမေရိကန်ထောက်ခံသည့် အဖွဲ့အစည်းတစ်ခု၏ အရာရှိတစ်ဦးဖြစ်သူ အဘူဒူလ်ဂျာဘာမှာ ၎င်း၏ ကားဗုံးခွဲတိုက်ခိုက်ခံခဲ့ရသဖြင့် သေဆုံးသွားခဲ့သည်။ (အင်တာနက်)

ရုရှားရေတပ်သင်္ဘော ဂျပန်ပင်လယ်အတွင်း မီးလောင်မှုဖြစ်ပွား

မော်စကို စက်တင်ဘာ ၁၉

ရုရှားနိုင်ငံမှ ရေတပ်စစ်သင်္ဘောတစ်စင်းသည် ဂျပန်နိုင်ငံပင်လယ်အတွင်း၌ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် ရန်သူ့သင်္ဘောများကိုရှာဖွေစဉ် စက်တင်ဘာ ၁၇ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း ရေတပ်အခြေစိုက်စခန်းမှ တာဝန်ရှိသူက ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် သင်္ဘောအင်ဂျင်စက်ခန်းအတွင်းရှိ စက်သုံးဆီပိုက်လိုင်းမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းလျက်ရှိကြောင်း အီတာတာ့စ်သတင်းဌာနက ထုတ်ပြန်ကြေညာသည်။ အဆိုပါ စစ်သင်္ဘောအားကယ်ဆယ်ရေးလေယာဉ်များဖြင့် ဆိပ်ကမ်းမြို့သို့ အရေးပေါ်ဆယ်ယူခဲ့ကြောင်း သတင်းရရှိသည်။ **(အင်တာနက်)**

✻ ကျောဖုံးမှ

ဒါပေမယ့် ဈေးကွက်စီးပွားရေးစနစ်ပြောင်းလဲကျင့်သုံးလာတဲ့ နှစ် ၂၀ ကာလအတွင်းမှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေက စီးပွားရေးပညာရပ်တွေကို ကိုယ်တိုင်ကိုယ်ကျ စိတ်ပါဝင်စားလာတာ၊ လေ့လာတာတွေရှိလာတယ်။ အရင်က တသီးတခြားနေခဲ့တဲ့ ဆရာ၊ ဆရာမတွေကလည်း စီးပွားရေးလောကမှာ လေ့လာတာ၊ အကြံပေးတာ၊ သင်ကြားပေးတာတွေ လုပ်လာကြတယ်''ဟု ခင်မောင်ညို(ဘောဂဗေဒ)က မြန်မာ့အလင်းသို့ ရှင်းပြသည်။

''ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးလာတဲ့ နှစ်၂၀ကာလအတွင်းမှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေက စီးပွားရေးပညာရပ်ကို စိတ်ဝင်စားပြီး လေ့လာတာတွေ ရှိလာတယ်''

ခင်မောင်ညို (ဘောဂဗေဒ)

အားနည်း

ထို့အပြင် လက်ရှိ အခြေအနေ၌ စီးပွားရေးပညာရပ်နှင့် ပတ်သက်ပြီး လှုပ်ရှားမှုအနေအထားအပေါ်တွင်လည်း ''အခုဆိုရင် ရန်ကုန်မှာ အပတ်စဉ် စီးပွားရေးဘာသာရပ်ဆိုင်ရာ ဟောပြောပွဲတွေ လုပ်လာကြတာတွေ့ရတယ်။တက်ရောက်လေ့လာကြတဲ့သူတွေလည်း အတော်များတယ်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံမှာ နှစ်ပတ်တစ်ကြိမ် ဟောပြောပွဲတွေ လုပ်နေတယ်။ မြန်မာနိုင်ငံ ကုန်သည်နဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အဆောက်အအုံမှာလည်း ဟောပြောပွဲတွေ လုပ်ကြတယ်။ ဒ့ါအပြင် စာနယ်ဇင်းတွေမှာလည်း စီးပွားရေးဘာသာရပ်တွေကို ဖောင်းပေးရေးလာကြတယ်။ ဒါပေမယ့် ဒီလိုစာပေရေးသားတဲ့အခါ စီးပွားရေး ဘာသာရပ်တွေကို အခြေခံကျကျ လေ့လာရေးသားကြတာ မဟုတ်တဲ့အတွက် သူတို့ရေးတာတွေမှာ အားနည်းချက် အချို့ကို တွေ့ရတယ်။ ဖြစ်သင့်တာက ပညာရှင်တွေ၊ တာဝန်ရှိသူတွေကို မေးရမယ်၊ ဒါမှ မှန်ကန်တဲ့ အသုံးအနှုန်း၊ အဓိပ္ပာယ်ရှင်းလင်းမှုတွေ သိရမှာပေါ့''ဟု ဆက်လက်ပြောပြသည်။

မှန်ပါသည်။ Intellectual Property Rights သည် ဉာဏပစ္စည်းမူပိုင်ခွင့်၊(Special Economic Zone) အထူးစီးပွားရေးဇုန်ဆိုသည့် ဝေါဟာရများကိုပင် မြန်မာလို အဓိပ္ပာယ်လွဲမှားစွာ ရေးသားနေကြသည်ကို တွေ့နေရသည်။

ထို့ကြောင့် စီးပွားရေးပညာများကို အခြေခံကျကျ လေ့လာပြီး ရေးသားပါက စာဖတ်သူများအတွက် ပိုမိုအကျိုးများမည်ဖြစ်သည်။

အသုံးချ

စီးပွားရေးဘာသာရပ်များနှင့် ပတ်သက်သည့် စာအုပ်၊ စာပေနှင့် လေ့လာဖတ်ရှုမှု အပေါ်တွင်လည်း ''အခုကာလမှာ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေကို ဘာသာပြန်ဆို ရေးသားမှုတွေများလာတာ တွေ့ရတယ်။ အဲဒီစာအုပ်တွေဟာ စောင်ရေများများ ရောင်းချင်မှ ရောင်းရပေမယ့် လိုအပ်နေတဲ့ ဘာသာရပ်ဆိုင်ရာ စာအုပ်တွေရဲ့ လိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ပါတယ်။ ဒါပေမယ့် ပြဿနာက စာဖတ်သူတွေဘက်က လက်တွေ့အသုံးချချင်တာလား၊ ဗဟုသုတအဖြစ်ဖတ်ချင်တာလား သိပ်ပြီး ကွဲကွဲပြားပြား မရှိဘူး ဖြစ်နေတယ်။ ဒါကြောင့် စီးပွားရေး ဘာသာရပ်ကို လေ့လာသူတွေဟာ သူတစ်ပါးရဲ့ အတွေ့အကြုံကို ပုံတူကူးချလို့တော့ မရဘူး၊ ကိုယ့်စံချိန် စံညွှန်းအတိုင်းပဲ ဆက်လုပ်ရမယ်၊ ပြည်ပကမ္ဘာကိုလည်း လှမ်းမကြည့်ဘူးဆိုရင်တော့ စာအုပ်တွေဖတ်လည်း အကျိုးမများနိုင်ဘူး။ ဒါကြောင့်မို့ ပွင့်လင်းတဲ့စိတ်ဓာတ် စိတ်အခံနဲ့ဖတ်ဖို့၊ ဖတ်ထားတဲ့စာကို တတ်နိုင်သမျှ အသုံးချဖို့ လိုပါတယ်''ဟုလည်း ခင်မောင်ညို (ဘောဂဗေဒ)က ဆက်လက်ရှင်းပြသည်။

အကျိုးရှိ

စီးပွားရေးပညာရပ်ကို လိုက်စားသူများ၊ လေ့လာသူများအနေဖြင့် မိမိသိရှိသမျှ အကြောင်းအရာ အချက်အလက်များကို လက်တွေ့နယ်ပယ်၌ အသုံးချရန် လိုအပ်သည်။ သို့မှသာ အကျိုးရှိသော လုပ်ရပ် ဖြစ်ပေမည်။

အခွင့်အလမ်း

''ပြည်ပ တက္ကသိုလ်တွေအတွက် ဒါမှမဟုတ် ဗဟုသုတအတွက် ရည်ရွယ်ပြီး သင်တန်းတွေလည်း တက်နေကြတဲ့သူတွေရှိတယ်။ ဒါပေမယ့် ဒီဘာသာရပ်တွေဟာ စာမေးပွဲဖြေဆိုဖို့လောက်ပဲ အသုံးဝင်တာမျိုးမဖြစ်စေချင်ဘူး၊ တကယ့်လက်တွေ့ဘဝနယ်ပယ်မှာ စီးပွားရေးနဲ့ ပတ်သက်ပြီး ဆက်ဆံရေးကောင်းတဲ့၊ စီမံခန့်ခွဲမှုကောင်းတဲ့သူတွေ ဖြစ်လာအောင် ဒီဘာသာရပ်က အကျိုးပြုပေးနိုင်ပါတယ်။ ဘောဂဗေဒဘာသာရပ်ကို လေ့လာဆည်းပူးသူတော့နည်းပါတယ်။ ဒါပေမယ့် ဒီဘာသာရပ်ဟာ မူဝါဒချမှတ်မယ့်သူ၊ မူဝါဒချမှတ်ရေး လုပ်ငန်းစဉ်မှာ ပါဝင်ခွင့်ရတဲ့သူတွေအတွက် အလွန်စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒ့ါအပြင် အနာဂတ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ စီးပွားရေးနယ်ပယ်၊ မူဝါဒချမှတ်ရေးနယ်ပယ်မှာ ပါဝင်ကြမယ့် လူငယ်တွေအနေနဲ့ အများကြီး ပြင်ဆင်ထားစေချင်တယ်။ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် သုံးလို့ရနေပြီမို့ သိချင်၊ တတ်ချင်စိတ်ရှိရင် ဖတ်စရာ၊ လေ့လာစရာတွေ အများကြီးပါပဲ။ နောက်ပြီး လူငယ်တွေအတွက် အခုအချိန်မှာ ပြည်တွင်းရော ပြည်ပမှာပါ တက်ရောက်သင်ကြားနိုင်တဲ့ မဟာဘွဲ့တွေအတွက် အခွင့်အလမ်းကောင်းတွေလည်း အများကြီးရှိနေတယ်။ ကိုယ့်ဘက်က လေ့လာမှု၊ အားထုတ်မှု၊ အသင့်ပြင်ဆင်ထားမှုတွေပဲ လိုအပ်ပါတယ်။ တက်လမ်းရှာနေတဲ့ လူငယ်တွေအတွက် လေ့လာအသုံးချသင့်တဲ့ ပညာရပ်ပါပဲ'' ဟု ခင်မောင်ညို(ဘောဂဗေဒ)က ပြောကြားသွားပါ ကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဟော့ပိတ်သတင်း

အမေရိကန်၌ လေပြင်းမုန်တိုင်းများ တိုက်ခတ်

ဝါရှင်တန် စက်တင်ဘာ ၁၉

အမေရိကန်နိုင်ငံ ဘန့်ဟယ်လ်ဒေသတွင် စက်တင်ဘာ၁၉ရက် နံနက်က လေပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း အမေရိကန် အရာရှိများက ပြောကြားသည်။

ထိခိုက်ပျက်စီး

အဆိုပါ လေပြင်းမုန်တိုင်းသည် တစ်နာရီလျှင် မိုင်၇၀မှ မိုင်၁၀၀အထိ မွှေနှောက်တိုက်ခတ်ခဲ့ပြီး နေအိမ်များ ထိခိုက်ပျက်စီးမှုရှိခဲ့သည်။

ဂျော်ဂျီယာ အရှေ့ပိုင်း၌ မြေပြိုမှုဖြစ်ပွား လေးဦးသေဆုံး၊ နေအိမ်အချို့ပျက်စီး

တီဘီလီစီ စက်တင်ဘာ ၁၉

ဂျော်ဂျီယာနိုင်ငံအရှေ့ပိုင်း အဂျာရီးရာဒေသတွင် စက်တင်ဘာ၁၉ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ (အပေါ်ဝဲပုံ) **လေးဦးသေဆုံးပြီး နေအိမ်အချို့ပျက်စီးသွားကြောင်း ဂျော်ဂျီယာအရာရှိများက ပြောကြားသည်။**

မြေပြို

မြေပြိုမှုဖြစ်ပွားသည့် နေရာမှာ မာဆောရီကျေးရွာတွင်ဖြစ်ပြီး ကျေးရွာသားများ အိပ်ပျော်နေချိန် နံနက်၃နာရီခန့်က ရုတ်တရက် မြေပြိုမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသတွင် လွန်ခဲ့သည့် ရက်အနည်းငယ်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်၌ ရေလွှမ်း ကိုးဦးသေဆုံး၊ နေအိမ်များရေနစ်မြုပ်

နယူးဒေလီ စက်တင်ဘာ ၁၉

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တွင် မိုးသည်းထန်ပြီး မြစ်ရေများ လျှံတက်ခဲ့မှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ **(ဝဲပုံ)** စက်တင်ဘာ ၁၉ရက်၌ ကိုးဦးသေဆုံးခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

ရေလွှမ်း

ရေလွှမ်းမှုဖြစ်ပွားသော ဒေသများမှာ ဆူဘာနာရက်ခါ၊ ဘီတာရာနီ၊ ဘရာမာနီခရိုင်များတွင်ဖြစ်ပြီး နေအိမ်အများအပြား ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။ ကယ်ဆယ်ရေးအဖွဲ့များက ရေဘေးသင့်ခံရသူများအား ရွှေ့ပြောင်းပေးနေရကြောင်း၊ ရက်အတန်ကြာ ရေလွှမ်းမှုဆက်လက်ဖြစ်ပေါ်နေဖွယ်ရှိကြောင်း သိရသည်။

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းန ကိုးကားတင်ပြသည်

ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း၌ နေရာစိပ်စိပ် မိုးရွာနိုင်

ရန်ကုန် စက်တင်ဘာ ၁၉

စက်တင်ဘာ၁၈ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုအခြေအနေကို ဆန်းစစ်ပါက အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပေါ်ခြင်း၊ အမေရိကန်နိုင်ငံ ဘင့်မြို့အနောက်တောင်ဘက်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခြင်း၊ အီရန်နိုင်ငံ တောင်ပိုင်းတွင် ရစ်ချ်တာစကေး ၆ ဒသမ ၁ အင်အားရှိ ငလျင်လှုပ်မှုကြောင့် နေအိမ်အချို့ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၉ ရက်က မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေကို ဆန်းစစ်ကြည့်ပါက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းလျက်ရှိပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ နေရာကွက်ကျားမိုးရွာသွန်းခဲ့သည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတွင် နေရာကျဲကျဲ မိုးရွာသွန်းခဲ့ပြီး ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ရွာရန်ရာနှုန်း ၈၀

စက်တင်ဘာ၂၀ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအလယ်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာနိုင်သည်။ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စက်တင်ဘာ၂၀ရက် **(ယနေ့)**နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မုတ်သုံလေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

စက်တင်ဘာ ၁၉ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

သံတွဲ	၂ ဒသမ ၅၂ လက်မ
ဥမြို့	၂ ဒသမ ၄၀ လက်မ
ရေး	၂ ဒသမ ၃၆ လက်မ
ပင်လောင်း	၁ ဒသမ ၃၈ လက်မ
လှိုင်ကော်	၁ ဒသမ ၂၆ လက်မ
ရမည်းသင်း	၁ ဒသမ ၁၈ လက်မ

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၂၀-၉-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၂။ ယောဆရာတော်ကြီး၏ ဥပ္ပာတသန္တိပါဠိတော်
၇:၂၀ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇:၅၀ ၆။ အဆိုပြိုင်ပွဲ
၈:၀၀ ၇။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၈။ **ဟွန်းသံ** ဇာတ်နှင့်အဖွဲ့ (ဒါရိုက်တာ-သက်တင်)
၈:၁၅ ၉။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသမီး)**
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ မူဟန်သွယ်သွယ်ဆိုကြမယ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၁:၅၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေမေ့မေတ္တာ ကုဋေကုဋာ** (အပိုင်း-၅)
၁၂:၄၀ ၅။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၃:၂၀ ၆။ **စိတ်၏စေရာ ၃၀၂** နေတိုး၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၁၄:၃၅ ၇။ International News
၁၅:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၃၀ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၆။ အတီးပြိုင်ပွဲ
၅:၀၀ ၇။ တေးဂီတအစီအစဉ်
၅:၁၅ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၃၀ ၉။ ရာသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၅:၅၀ ၁၀။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) [ဝါသနာရှင် (ဒုတိယတန်း) အဆင့်] (အမျိုးသား)**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ အလှရှာမယ်၊ လှကမ္ဘာဝယ်
၇:၀၀ ၁၄။ တေးဂီတအစီအစဉ်
၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၃၂)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **လူယောင်ဆောင်သောရွှေငါးနတ်သမီးလေး** (အပိုင်း-၂၃)
၂၀။ အစီအစဉ်ပြီး၏။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကြက်ဆူစိုက်ခင်းများအတွင်း အပိုဝင်ငွေရရှိစေမည့် ကြားသီးနှံများ ရာသီအလိုက် ထည့်သွင်းစိုက်ပျိုး

နေပြည်တော် စက်တင်ဘာ ၁၉

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် စက်တင်ဘာ ၁၇ရက် နံနက် ၈နာရီက နေပြည်တော်ပျဉ်းမနား ဆိတ်ဖူးတောင်ကျေးရွာရှိ နယ်မြေခံတပ်ရင်းမှ စိုက်ပျိုးထားရှိသော စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ အထွက်နှုန်း ပိုမိုတိုးတက်အောင် စိုက်ပျိုးရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် Sky wings စိုက်ပျိုးရေးကုမ္ပဏီမှ အပင်တစ်ပင်ကြား ခြောက်ပေ၊ အတန်းတစ်တန်းကြားကိုးပေ နည်းစနစ်ဖြင့် စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများနှင့် ကြက်ဆူပျိုးခြံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက ကြက်ဆူစိုက်ခင်းများအတွင်းတွင် အပိုဝင်ငွေရရှိစေမည့် ကြားသီးနှံများကို ရာသီအလိုက် ထည့်သွင်းစိုက်ပျိုးသွားရေး မှာကြားသည်။

ပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျေးရွာ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာမူလတန်းလွန်ကျောင်းအတွက် လှူဒါန်းငွေကျပ်တစ်သိန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများ၊ ကျေးရွာဆေးပေးခန်းနှင့် သားဖွားခန်းအတွက် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းတွင် စိုက်ပျိုးထားရှိသော လက်ဖက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရိုင်ချင်းဆက်လမ်း

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် လယ်ဝေး သစ်ကြိမ်းကျေးရွာသို့သွားရောက်၍ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် တောင်ငူခရိုင်တို့သို့ ဆက်သွယ်ထားသည့် ခရိုင်ချင်းဆက်လမ်းကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်စိုက်ပျိုးမည်

နေပြည်တော်ပျဉ်းမနားခရိုင်အတွင်း Skywings စိုက်ပျိုးရေးကုမ္ပဏီမှ ခြံစည်းရိုးကြက်ဆူဧက၇၅၀၀စိုက်ပျိုးရန် လျာထားပြီး ယခု ၂၀၅၉ဧက စိုက်ပျိုးပြီးစီးကာ လာမည့်နှစ်တွင် ဧက၁၀၀၀ခန့် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်သူများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် မြေထွန်စက်ငယ်များ၊ စပါးရိတ်စက်များနှင့် ဆေးဖျန်းကိရိယာများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၉

ဂျပန်နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် မန္တလေးတိုင်း ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များရှိ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန် မြေထွန်စက်ငယ်များ၊ စပါးရိတ်စက်များ၊ ဆေးဖျန်းကိရိယာများလှူဒါန်းပွဲကို စက်တင်ဘာ ၁၆ရက် ညနေ ၃နာရီက ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် လုပ်ငန်းဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yasuaki Nogawa က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ **(အပေါ်ပုံ)** ဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက အပူပိုင်းဇုန် မိုးနည်းရေရှားဒေသများတွင် မြေအောက်ရေတွင်းများ တူးဖော်မှုနှင့် ကျေးရွာဆည်ငယ်၊ ကန်ငယ်များ ပြုပြင်မွမ်းမံနေမှုများဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှုမှတ်တမ်းတင် ရုပ်မြင်သံကြားအစီအစဉ်ကို ပြသသည်။

ပေးအပ်လှူဒါန်း

ကျောက်ဆည်နှင့် မြစ်သားမြို့နယ်တို့၌ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဂျပန်နိုင်ငံအစိုးရမှ လယ်ကြားမြောင်းများတူးဖော်ရန် မြေထွန်စက်ငယ်လေးစီး၊ ဆေးဖျန်းကိရိယာ ၅၈၀၊ စပါးရိတ်စက်ကိုးစီးတို့ကို ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ဖားကန့်မြို့၌ ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုး

ဖားကန့် စက်တင်ဘာ ၁၉

ဖားကန့်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဩဂုတ်၃၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင်နှင့် ဝန်ထမ်းများစုပေါင်း၍ အမှတ်(၁)လမ်းမကြီးတစ်လျှောက်တွင် အဖွဲ့မှစိုက်ထူထားသည့် ဆိုင်းဘုတ်များ ဝန်းကျင်တွင်စိုက်ပျိုးထားသည့် အလှစိုက်မြက်များ ဖြတ်ညှိပြုပြင်ခြင်း၊ ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာအုပ်ပြပွဲနှင့် ဟောပြောပွဲများ ရွှေတောင်၌ ကျင်းပ

ရွှေတောင် စက်တင်ဘာ ၁၉

ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းစီစဉ်သည့် စာအုပ်ပြပွဲနှင့် အသိပညာတိုးပွားရေး ဟောပြောပွဲများကို စက်တင်ဘာ၁၂ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးစိုးနိုင်က အမှာစကား ပြောကြားပြီး ပြည်ခရိုင်ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

လေ့လာ

ထို့နောက် တက်ရောက်လာကြသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားများက ခင်းကျင်းပြသထားသည့် စာအုပ်စာပေများကို စိတ်ဝင်တစားလေ့လာကြသည်။**(အပေါ်ပုံ)**

ဟောပြော

အလားတူ မွန်းလွဲ၁နာရီက အခြေခံပညာအလယ်တန်းကျောင်း(ရေနံမြေ)၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ပြည်ခရိုင်ဦးစီးအရာရှိက ရည်မှန်းချက်ရှိရမည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာဖတ်ခြင်း အကျိုးကျေးဇူးတို့ကိုလည်းကောင်း ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

အချစ်ကလန်းတယ် မြန်မာရုပ်ရှင်ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာရုံသုံးရုံ အပြိုင်ဝင်လာ

ရန်ကုန် စက်တင်ဘာ ၁၉

လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ခင်ဦးခင်ခင်၏ဝတ္ထုကို ဒါရိုက်တာညီညီထွန်းလွင်ရိုက်ကူးပြီး မင်းမော်ကွန်း၊ ခန့်စည်သူ၊ ထွန်းထွန်း၊ မိုးအောင်ရင်၊ စိုးမြတ်သူဇာ၊ သက်မွန်မြင့်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ ဇေလုဝနှင့် မေတ္တာတို့ ပါဝင်သရုပ်ဆောင်ထားသော **အချစ်ကလန်းတယ်** ဇာတ်ကားကို သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၊ မန္တလေးမြို့ ဝင်းလိုက်၊ မြို့မရုံနှင့် တောင်ကြီး ဗန္ဓုလရုံများတွင် တစ်ပြိုင်တည်း ရုံဝင်လာသည်။

ဟာသနှော

ရက်ကန်းရုံပိုင်ရှင် လူပျိုကြီး ခန့်စည်သူနှင့် သူ၏ ညီမသုံးယောက်ဖြစ်တဲ့ သက်မွန်မြင့်၊ မယ်လိုဒီနှင့် စိုးပြည့်သဇင်၊ လုပ်ငန်းရှင် အပျိုကြီး စိုးမြတ်သူဇာနှင့် သူ၏တူ သုံးယောက်ဖြစ်တဲ့ မင်းမော်ကွန်း၊ ထွန်းထွန်းနှင့် မိုးအောင်ရင်၊ အဲဒီ တူသုံးယောက်နဲ့ ညီမသုံးယောက်တို့ နှလုံးသားခလုတ်တိုက် မိရာမှ လူပျိုကြီး ခန့်စည်သူနှင့် အပျိုကြီး စိုးမြတ်သူဇာတို့ မငြိငြိအောင် တွန်းပို့ကြပုံများကို ဟာသနှောကာ ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။

ဖြစ်ချင်တာဖြစ် မောင်ဘချစ် ဇာတ်ကားမှ သရုပ်ဆောင်များ။

ဖြစ်ချင်တာဖြစ် မောင်ဘချစ်

စာရေးဆရာကြီးမင်းသိခ်၏ အောင်မြင်ကျော်ကြားသော ဝတ္ထုကို ဒါရိုက်တာခင်စောမျိုးရိုက်ကူးပြီး ဒွေး၊ ညွန့်ဝင်း၊ သားညီနှင့် နန္ဒလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **ဖြစ်ချင်တာဖြစ် မောင်ဘချစ်** ဇာတ်ကား မြေနီကုန်း ရတနာပုံရုံတွင် ပြသလျက်ရှိသည်။

ကိုကြီးစိုး ရုပ်ရှင်သတင်းထောက်

နိုင်ငံခြားဇာတ်ကားများ

ရှေ့ဆောင်ရုံတွင် **The Mummy, Tomb of the Dragon Emperor** ဇာတ်ကား ရုံဝင်လာပြီး နေပြည်တော်ရုံတွင် **Wanted** ဇာတ်ကားသစ် ရုံဝင်လာသည်။ တန်းမြင့်မြို့မရုံတွင် **AK-47** ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။ ဘုရင့်ရုံတွင် အိန္ဒိယဇာတ်ကား **Ghill III** ဇာတ်ကား ရုံဝင်လာသည်။ ။

(မြန်မာ့အလင်း)

The Mummy, Tomb of The Dragon Emperor ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

အချစ်ကလန်းတယ် ဇာတ်ကားမှ ခန့်စည်သူ၊ သက်မွန်မြင့်၊ မယ်လိုဒီ နှင့် စိုးပြည့်သဇင်တို့ သရုပ်ဆောင်ဟန်။

တောင်ငူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၉နာရီ ၁၅မိနစ်တွင် ပဲခူးတိုင်း (အရှေ့ပိုင်း) တောင်ငူမြို့ မြန်မာ့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိရာ ဝန်ကြီးအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ် ဝင်းမြင့်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်လွင်၊ တောင်ငူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပဲခူးတိုင်း (အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးတို့က ကြိုဆိုကြသည်။

စက်စွမ်းအားပြည့်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ဝန်ထမ်းများအား ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၏ စက်စွမ်းအားပြည့်၊ အချိန်ပြည့်ထုတ်လွှင့်နိုင်ရေး၊ အရုပ်နှင့်အသံ အရည်အသွေးမီမီ ထုတ်လွှင့်နိုင်ရေး၊ စက်ပစ္စည်းများ ဂရုပြုကိုင်တွယ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စက်ကြွခိုင်ရေး ဆောင်ရွက်ရေး၊ စက်ရုံမီးဘေးလုံခြုံရေး အတွက် အစဉ်ဂရုစိုက်ရေး၊ အဖျက်အမှောင့်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကြိုတင်တားဆီးကာကွယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် စီမံပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် စက်ရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက် ၉နာရီ မိနစ်၅၀တွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပဲခူးတိုင်း (အရှေ့ပိုင်း) တောင်ငူမြို့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မော်လိုက်မြို့တွင်းလမ်း သန့်ရှင်းလှပရေးဆောင်ရွက်

မော်လိုက် စက်တင်ဘာ ၁၉

မော်လိုက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်စေရေးနှင့် လှပသန့်ရှင်းစေရေးအတွက် စက်တင်ဘာ၁၀ရက်က မင်္ဂလာလမ်း ဘေးဝဲယာတွင် ပလက်ဖောင်းကပ်တုံးများ ဆောင်ရွက်နေမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးတင့်လွင်ဦး ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးဟန်မင်းဆွေက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာလိဂ်အဆင့်မြင့်တန်း စွမ်းအင်နှင့် ပို့ဆောင်ရေး သုံးမှတ်စီရ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ စွမ်းအင်အသင်းနဲ့ပို့ဆောင်ရေးအသင်းတို့ နိုင်ပွဲများ ရရှိသွားကြပါတယ်။

(အောင်ဆန်းကွင်း)

စွမ်းအင်အသင်း - တစ်ဂိုး

ကာကွယ်ရေးဝန်ကြီးဌာနအသင်း - ဂိုးမရှိ

ယမန်နှစ်အမှတ်ပေးပြိုင်ပွဲမှာ တန်းဆင်းဇုန်အန္တရာယ် ထဲရောက်ရှိခဲ့သည့် စွမ်းအင်အသင်းမှာ နာကျင်အချိန်ပိုတွင် ရရှိခဲ့သော အနိုင်ဂိုးဖြင့် ယခုနှစ်အမှတ်ပေးပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်တွင် အမှတ်ပြည့်ရရှိသွားခဲ့ပါတယ်။ စွမ်းအင်အသင်းဟာ ပွဲချိန်အတွင်း ဂိုးသွင်းခွင့်များစွာ ရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ဘဲ နောက်ဆုံးမိနစ်ကျမှ အနိုင်ဂိုးရရှိခဲ့တာလည်း ဖြစ်ပါတယ်။ ကာကွယ်ရေးအသင်းဟာ အနိုင်ရရှိနိုင်တဲ့အနေအထားကနေ ပွဲပြီးခါနီးပေးလိုက်ရတဲ့ ဂိုးနဲ့ ရှုံးသွားခဲ့ရပါတယ်။ ဒုတိယပိုင်းအစမှာ ဌေးအောင်ကန်သွင်းတဲ့ ပယ်နယ်တီ လွဲချော်သွားတာကလည်း ကာကွယ်ရေးကို နစ်နာစေခဲ့ပါတယ်။

ပွဲထုတ်

စွမ်းအင်အသင်းမှာ ဇော်ထက်အောင်၊ ကျော်ခိုင်ဝင်း၊ စိုင်းသန်းအောင်၊ မျိုးဇော်ဦးတို့နဲ့ လူစုံပါဝင်ကစားခဲ့ပြီး မြန်မာ့လက်ရွေးစင်ဟောင်းတိုက်စစ်မှူး မာလကလည်း စွမ်းအင်အသင်းမှာ ပထမဦးဆုံးပွဲအဖြစ် စတင်ကစားခဲ့ပါတယ်။ ကာကွယ်ရေးအသင်းကတော့ ဌေးအောင်၊ တိုးမြင့်လှိုင်၊ ရဲဝေယံစိုးတို့ကို အမာခံထားပြီး လူသစ်ကစားသမားအများစုကို ပွဲထုတ်လာတာ တွေ့ရပါတယ်။

စွမ်းအင်အသင်းဟာ ကာကွယ်ရေးအသင်းကို ပထမပိုင်းတစ်ပိုင်းလုံးနီးပါး ခြေအသာနဲ့ ဖိကစားနိုင်ခဲ့ပေမယ့် လိုချင်တဲ့ဂိုးကိုတော့ မသွင်းယူနိုင်ခဲ့ပါဘူး။ ကွင်းလယ်က အသင်းခေါင်းဆောင်ဇော်ထက်အောင် ဘောလုံးအဖြန့်တွေ လွဲနေတာ၊ အားထားရတဲ့ မင်းမင်းထွန်းရဲ့ဖြတ်တင်ဘောတွေ မတိကျတာ၊ တိုက်စစ်မှူးတွေ အဆုံးသတ်ဂိုးသွင်းအားနည်းတာကတော့ စွမ်းအင်အသင်း ဖိကစားနိုင်လျက်နဲ့ ဂိုးမသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ ပွဲအစပိုင်းမှာ နှစ်သင်းစလုံး ဂိုးရနိုင်တဲ့အခွင့်အရေး တစ်ကြိမ်စီရရှိခဲ့ပေမယ့် အသုံးမချနိုင်ခဲ့ပါဘူး။ ၁၄ မိနစ်နဲ့ ၂၆ မိနစ်တွေမှာ တိုက်စစ်မှူးစိုင်းသန်းအောင် ဂိုးရနိုင်တဲ့ အပိုင်အခွင့်အရေးတွေ ရရှိခဲ့ပေမယ့် ဂိုးဝင်အောင်မစွမ်းဆောင်နိုင်ခဲ့လို့ စွမ်းအင်အသင်း နစ်နာခဲ့ရပါတယ်။ ကာကွယ်ရေးအသင်းကလည်း အခွင့်အရေးရတာနဲ့ တိုက်စစ်ဆင်ပေမယ့် ရဲဝေယံစိုး တစ်ယောက်တည်းနဲ့ အလုပ်မဖြစ်ခဲ့ပါဘူး။ ဗီယက်နမ် ဖိတ်ခေါ်ပြိုင်ပွဲဝင် မြန်မာလူငယ်အသင်းမှာ အားထားရတဲ့ တိုက်စစ်မှူးအောင်ကျော်မျိုး ပါဝင်သွားတာကြောင့်လည်း စွမ်းအင်တို့ အားလျော့ခဲ့ရပါတယ်။

ခေါင်းတိုက်ဂိုးသွင်းယူ

ဒုတိယပိုင်းမှာတော့ ပွဲဟာ အပြန်အလှန် ရှိလာပါတယ်။ ၄၉မိနစ်မှာ ကာကွယ်ရေးတိုက်စစ်မှူး ရဲဝေယံစိုးကို စွမ်းအင်နောက်ခံလူ ပယ်နယ်တီဧရိယာအတွင်းမှာ ဖျက်ထုတ်တာကြမ်းတာကြောင့် ကာကွယ်ရေးအသင်း ပယ်နယ်တီ ရရှိခဲ့ပါတယ်။ ဒီပယ်နယ်တီကို အသင်းခေါင်းဆောင် ဌေးအောင် ကန်သွင်းပေမယ့် စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင်က ကာကွယ်သွားနိုင်ပါတယ်။ စွမ်းအင်အသင်းဟာ ပထမပိုင်းလိုပဲ ဒုတိယပိုင်းမှာလည်း ဂိုးသွင်းခွင့်တွေ ရရှိခဲ့ပေမယ့် တစ်ကိုယ်တော် ထိုးဖောက်ဂိုးသွင်းတာများနေလို့ ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ပါဘူး။ မိနစ် ၆၀ ကျော်မှ ဝါရင့်ကွင်းလယ်လူ စန်းမောင်လူစားလဲဝင်လာလို့ ကာကွယ်ရေး ကစားပုံပိုကောင်းလာပါတယ်။ မိနစ် ၉၀ လုံးလုံး ဂိုးရနိုင်တဲ့ အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့တဲ့ စွမ်းအင် အသင်းဟာ နာကျင်အချိန်ပို သုံးမိနစ်မှာတော့ သုံးမှတ်ရစေမယ့် အနိုင်ဂိုးရရှိသွားပါတယ်။ ပယ်နယ်တီ စည်းနားမှာရရှိတဲ့ ပြစ်ဒဏ်ဘောကို ဇော်ထက်အောင် ကန်တင်ပေးရာမှ ကျော်ခိုင်ဝင်းက လွတ်လွတ်ကျွတ်ကျွတ် ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။

(သုဝဏ္ဏကွင်း)

ပို့ဆောင်ရေးအသင်း - သုံးဂိုး

လယ်ယာ/ဆည်မြောင်းအသင်း - ဂိုးမရှိ

ပို့ဆောင်ရေးအသင်းကတော့ ဂိုးပြတ်အနိုင်နဲ့အတူ ပွဲဦးထွက်မျက်နှာပန်းလှသွားပါတယ်။ ဒီပွဲမှာ ပို့ဆောင်ရေးအသင်းဟာ လယ်ယာ/ဆည်မြောင်းကို ဘောလုံးပိုင်ဆိုင်မှုအသာ၊ ခြေအသာနဲ့ ကစားနိုင်ခဲ့တာဖြစ်ပြီး လယ်ယာ/ဆည်မြောင်း အသင်းကတော့ ခြေရှုံး၊ ဂိုးရှုံး ဖြစ်သွားရပါတယ်။ ပို့ဆောင်ရေးအတွက် အနိုင်ဂိုးတွေကို ထက်အောင်က နှစ်ဂိုးနဲ့ ကြည်လင်းက တစ်ဂိုး သွင်းယူခဲ့ကြပါတယ်။ ။

(ယနေ့ပွဲ)

အောင်ဆန်းကွင်း

မြန်မာ့မီးရထား - သစ်တောရေးရာ

(မြန်မာ့အလင်း)

မီးသတ်ဦးစီးဌာန စက်ပြင်သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ စက်ပြင်သင်တန်း အမှတ်စဉ် (၁၅/၂၀၀၈) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ စက်ပြင်သင်တန်းကို ဩဂုတ် ၁၁ရက်မှ စက်တင်ဘာ ၁၉ရက်အထိ ရက်သတ္တခြောက်ပတ်ကြာ သင်တန်းသား ၃၀ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှ

နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်း တစ်ခုခုလုပ်ရန် သတိမေ့လျော့နေခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်အောင် စားသုံးမှုအားနည်းခြင်းနှင့် အရက်ကို အလွန်အကျွံ သောက်သုံးခြင်းများကြောင့် ကျန်းမာရေးအတွက် များစွာ ထိခိုက်လာသည်။

လှုံ့ဆော်

မကြာမီက ဂျပန်နိုင်ငံ၌ အသက်ရာကျော် အဘိုးအဘွားများဦးရေ သိသိသာသာ တိုးလာကြောင်း အင်တာနက်တွင်သတင်းတစ်ပုဒ် ဖတ်ရှုလိုက်ရသေးသည်။ ဂျပန်လူမျိုးများ သက်ရှည်ကျန်းမာစွာ ကျင့်ကြံနေထိုင်သွားနိုင်ရန် လှုံ့ဆော်လိုက်ခြင်းပင်ဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ အမျိုးသမီးများအား ကျန်းမာပျော်ရွှင်သော လူနေမှုစနစ်ကို ထူထောင်ခြင်းဖြင့် ငယ်ရွယ်နုနယ်စဉ် သေဆုံးနေရခြင်းကို တားဆီးနိုင်လိမ့်မည် ဖြစ်ကြောင်း သုတေသီများက လေ့လာအကြံပြုထားသည်။

နာတာရှည်ရောဂါ

ဆေးလိပ်သောက်သုံးမှုကို ရှောင်ကြဉ်ခြင်း၊ နေ့စဉ်လေ့ကျင့်ခန်း တစ်ခုခုကို ပြုလုပ်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးခြင်း၊ ကိုယ်အလေးချိန်မကြာခဏ စစ်ဆေးခြင်းတို့ဖြင့် နာတာရှည်ရောဂါများဖြစ်ပွားပြီးစောစီးစွာသေဆုံးခြင်းမှ ကာကွယ်တားဆီးပေးနိုင်မှုမှာ ၅၅ ရာခိုင်နှုန်းရှိကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။

အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော လူနေမှုစနစ်ကို ထူထောင်ကြခြင်းဖြင့် ကင်ဆာရောဂါကြောင့် သေဆုံးမှု ၄၄ ရာခိုင်နှုန်း လျော့ချနိုင်ပြီး နှလုံးသွေးကြောကျဉ်း၊ နှလုံးရောဂါကြောင့် သေဆုံးမှု ၇၂ ရာခိုင်နှုန်း လျော့ချနိုင်ကြောင်း ဗြိတိန်နိုင်ငံတစ်ဝန်း သူနာပြုဆရာ ဆရာမ ၈၀၀၀၀ခန့်က စာရင်းကောက်ယူလေ့လာတင်ပြသည်။

လေ့ကျင့်ခန်း

အဆိုပါ သုတေသနပြု လေ့လာတွေ့ရှိချက်ကို ဗြိတိသျှဆေးဂျာနယ် ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။ ယင်းသုတေသနအဖွဲ့က ဗြိတိန်နိုင်ငံတစ်ဝန်း ၂၄နှစ်ကြာ သုတေသနပြုလုပ်ခဲ့ရာ သေဆုံးသူ ၈၈၈၂ဦးအနက် ၂၈ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သုံးခြင်းကြောင့် သေဆုံးရခြင်းဖြစ်သည်ဟုဆို၏။ ၅၅ရာခိုင်နှုန်းမှာ အဝလွန်ခြင်း၊ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်မှု မရှိခြင်းနှင့် ကျန်းမာရေးနှင့် ညီညွတ်စွာ အာဟာရဖြစ်စေရန် စားသုံးမှုမရှိခြင်းတို့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့သည်။

နှလုံးရောဂါ

ထို့အတူ အရက်ကို အလွန်အကျွံ သောက်သုံးခြင်းမှာလည်း အသက်အရွယ်မကြီးမီ သေဆုံးနေရကြောင်း၊ အမျိုးသမီးများအနေဖြင့် အရက်ကို အနည်းငယ်မျှသာ ဆေးဖြစ်အောင် သောက်သုံးသင့်ကြောင်းဆိုထားသော်လည်း အလွန်အကျွံသောက်သုံးလာကြ၍ နှလုံးရောဂါရပြီး သေဆုံးမှုများပြားသည်ဟု သုတေသီများက ပြောကြားသည်။

အလွန်အကျွံ

နှလုံးရောဂါအခံရှိသူများသည် အရက်ကို အနည်းငယ်သောက်သုံးသော်လည်း အလွန်အန္တရာယ် ကြီးမားသည်။ အရက်ကို အလွန်အကျွံ သောက်သုံးသူများသည် ကင်ဆာရောဂါဖြင့် သေဆုံးရန် အလားအလာအများဆုံးဖြစ်သည်ဟု ဟားဗက်ဆေးတက္ကသိုလ်မှ ဒေါက်တာရော့ဘ်ဘင်ဒန်နှင့်အဖွဲ့က လေ့လာတင်ပြထားသည်။

လူတိုင်းလူတိုင်းသည် အသက်ရှည်ခြင်းကိုလိုလားကြသည်။ အသက်ရှည်ရန် ကျန်းမာရေးကောင်းမွန်မှုမှာ အဓိကဖြစ်သည်။ ကျန်းမာပါမှ အလုပ်လုပ်နိုင်ကြမည်။ အလုပ်လုပ်နိုင်မှ ကံကောင်းမည်ဆိုသော စကားလည်းရှိသည်။ ကျန်းမာပါမှ အသက်လည်း ပိုရှည်မည်ဖြစ်သည်။

ရှောင်ကြဉ်

ကျန်းမာရေးကောင်းမွန်စေရန် နေ့စဉ် နာရီဝက်ခန့် လမ်းလျှောက်ခြင်း၊ နှစ်သက်ရာ လေ့ကျင့်ခန်း တစ်ခုခုကို ပုံမှန်ပြုလုပ်ခြင်း၊ အလုပ်သို့လမ်းလျှောက်သွားခြင်း၊ အဝလွန်မှုကို ထိန်းသိမ်းခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးမှုကို ရှောင်ကြဉ်ခြင်း၊ အာဟာရဓာတ် ပြည့်ဝသော အစားအစာများကို မျှတစွာ စားသုံးခြင်းတို့ဖြင့် အသက်ရှည်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်သတင်းများ

ကြည့်ရှုအားပေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၈ခုနှစ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တတိယဆုချီးမြှင့်

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းအား ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အနိုင်ရဗိုလ်စွဲ

ယင်းပြိုင်ပွဲတွင် အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက အလုပ်သမားဝန်ကြီးဌာနဘောလုံးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

ဆုတံဆိပ်များချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တတိယဆုရပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအားလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်က ဒုတိယဆုရ အလုပ်သမားဝန်ကြီးဌာနအသင်းအား လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ပထမဆုရအားကစားဝန်ကြီးဌာနအသင်းအားလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

အကောင်းဆုံး

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အကောင်းဆုံး ဂိုးသမားဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁) ဝေလင်းထွန်း၊ အကောင်းဆုံးနောက်တန်းဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၇)ဇော်ဝင်းထွဋ်၊ အကောင်းဆုံး အလယ်တန်းဆုရ အလုပ်သမားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၆) ဇော်မင်းထွေး၊ အကောင်းဆုံးရှေ့တန်းဆုရ အားကစားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၀) ကျော်ကိုကိုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုရ အားကစားဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၄) မင်းမင်းသူတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အသန့်ရှင်းဆုံးအသင်းဆု

ဆက်လက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာက အသန့်ရှင်းဆုံးအသင်းဆုရ အားကစားဝန်ကြီးဌာနအသင်းအား ဆုဖလားနှင့်ငွေသားဆုကို ပေးအပ်ချီးမြှင့်သည်။

တတိယဆု

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က စတုတ္ထဆုရ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် တတိယဆုရ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကိုလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဒုတိယဆုရ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ပထမဆုရ အားကစားဝန်ကြီးဌာနအသင်းတို့အား ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဒိုင်းဆု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသွားသော အားကစားဝန်ကြီးဌာနဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများကူညီထောက်ပံ့ရေး ကျန်းမာရေးစီမံချက် သုံးသပ်ဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း၏ လေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးစီမံချက် (Post Cyclone Assistance Project) နှင့် စပ်လျဉ်း၍ ပြန်လည်ဆန်းစစ်သုံးသပ်သည့် အစည်းအဝေး (Mid-Term Review Meeting)ကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းဥက္ကဋ္ဌနှင့် ဗဟိုစီမံချက်ရုံးမှ တာဝန်ရှိသူများ၊ UNICEF ရုံးနှင့် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးအရာရှိများ၊ စီမံချက်၏ ၁၀မြို့နယ်တို့မှ မြို့နယ်စီမံချက် ညှိနှိုင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

အစည်းအဝေးတွင် UNICEFမှ Dr. Abdul Haque Waheed က အဖွင့်အမှာစကားပြောကြား၍ အသင်းဥက္ကဋ္ဌ ဦးအောင်ခင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဦးစိုးလွင်ငြိမ်း (ကူးစက်ရောဂါနှိမ်နင်းရေး) တို့က လုပ်ငန်းဆိုင်ရာသုံးသပ်ဆွေးနွေးအကြံပြုကြသည်။ ထို့နောက် ဧရာဝတီတိုင်းမှ ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ သုံးမြို့နယ်တို့မှ ကိုယ်စားလှယ် ၁၀ဦးတို့က သုံးလကာလ ကျန်းမာရေးစောင့်ရှောက်နိုင်မှု သုံးသပ်ချက် စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလ သုံးလတာ ကာလအတွင်း လေဘေးသင့်ပြည်သူများအတွက် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ရှေ့လုပ်ငန်းစဉ် (၁၅)ရပ်ကို အခမ်းအနားမှူးက ဖတ်ကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍လေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ထောက်ပံ့ခဲ့သည့် ဓာတ်ပုံမှတ်တမ်းများ၊ မြေပုံများနှင့် အထောက်အထား စာရွက်စာတမ်းများ ပြသထားသည့် ပြခန်းငယ်ကို UNICEF နှင့် ကျန်းမာရေးဦးစီးဌာနတို့မှ ဧည့်သည်တော်များက ကြည့်ရှုအားပေးကြသည်။

ညနေပိုင်းတွင် UNICEF မှ ဒေါက်တာဂရီတာသိန်း၊ ဒေါက်တာကျော်ဝင်းစိန်၊ ဒေါက်တာခိုင်စိုး တို့က (Primary Health Care, Food+Nutrition Development, Infantile Beri Beri, WASH) ဘာသာရပ်များဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိုက်ပါ စားပါ
အရသာ
မတူမြတ်ပီတိ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၉-၂၀၀၈ (စနေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**မိဘကျေးဇူး အကျေဆပ်နည်း** တရားတော် (ဆရာတော် အရှင်အာစာရာလင်္ကာရ)
၇:၅၀-၁:၅၀	ဗုဒ္ဓအဘိဓမ္မာဆိုသည်မှာ
၈:၂၅ -၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၀-၂:၅၀	Activities in the City (Fortune နှင့် Concordia ကုမ္ပဏီတို့၏ စက်တင်ဘာ ဈေးရောင်းပွဲတော်)
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	တေးဂီတအစီအစဉ်
၉:၃၀-၃:၃၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမောင်မြင့်ကြွယ် နှင့် တွေ့ဆုံခြင်း)
၉:၅၀-၃:၅၀	တေးဂီတအစီအစဉ်
၉:၅၅-၃:၅၅	တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
၁၀:၁၀-၄:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	တစ်ပတ်အတွင်း အားကစားသတင်း
၁၀:၃၅-၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀	ပန်းငွေထည်လုပ်ငန်း
၁၀:၅၅-၄:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀-၅:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀-၅:၁၀	သွားမယ်စားမယ် (50th STREET GRILL)
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	အဖိုးတန်သော သဘာဝသယံဇာတမြေဟူးကောင်း
၁၁:၅၀-၅:၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁:၅၅-၅:၅၅	MTV Movie Awards 2008
၁၂:၂၀-၆:၂၀	လုံခြုံစိတ်ချ မိခင်ဘဝ (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၂:၄၀-၆:၄၀	တေးဂီတအစီအစဉ်
၁၂:၄၅-၆:၄၅	ကြည့်မြင်တိုင် မျက်မမြင်ကျောင်းရဲ့ လေ့လာမှုနည်းပညာ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီ အင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Sunderland-Middlesbrough	ESPN (Live)
၈:၂၅	Liverpool-Stoke City	ESPN (Live)
	West Ham-Newcastle	Star Sports (Live)
၁၀:၅၅	Bolton-Arsenal	Star Sports (Live)
၁၁:၀၀	Blackburn-Fulham	ESPN (SDD)

လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက သင်တန်းမှူး ဒေါက်တာမီမီကိုအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပေးအပ်စဉ်။ (ကုန်သည်/စက်မှု)

လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၅)ဆင်းပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower Level (5) ရှိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းရုံးခန်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် ဒုတိယဥက္ကဋ္ဌ ဦးသန့်ဇင်တို့က အမှာစကားပြောကြားကြပြီး ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ထူးချွန်ဆုပေးအပ်

ထို့နောက် သင်တန်းတွင် ထူးချွန်အောင်မြင်ခဲ့ကြသည့် သင်တန်းသူသုံးဦးတို့အား ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းမှူး ဒေါက်တာမီမီကိုက နိဂုံးချုပ်စကားပြောကြားသည်။

ဆက်လက်ဖွင့်လှစ်

အဆင့်မြင့် လက်တွေ့အသုံးချ ဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ်(၃)ကိုလည်း အောက်တိုဘာပထမပတ်တွင် ဆက်လက်ဖွင့်လှစ်မည်ဟု သိရသည်။

(သတင်းစဉ်)

စက်တင်ဘာ ၁ ရက်က မိုင်းဖြတ်ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မိုင်းဖြတ်မြို့ အထကကျောင်းသူကျောင်းသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းရီထံ လွှဲပြောင်းပေးအပ်စဉ်။

(ခရိုင်ပြန်/ဆက်)

ကိုယ့်တိုင်းပြည်နှင့် ဝေးသထက်ဝေးအောင် ပြေးနေကြသူများကို ပြည်ပြေးများဟုခေါ်ပါသည်

နိုင်ငံတစ်ခု၏ ကောင်းကျိုးကို ဖန်တီးနိုင်သော နိုင်ငံရေးသည် အဆိုပါ နိုင်ငံတွင်းမှာသာရှိသည်။

နိုင်ငံတစ်ခု၏ ကောင်းကျိုးကို ဖန်တီးနိုင်သော အင်အားသည် အဆိုပါ နိုင်ငံတွင်းမှာသာ ရှိသည်။

နိုင်ငံတစ်ခုတွင် တိုင်းတစ်ပါးသားများက ကျူးကျော်စွက်ဖက်နေပြီဆိုလျှင် ယင်းတိုင်းတစ်ပါးသား နယ်ချဲ့သမားများကို ဆန့်ကျင်တိုက်ထုတ်ပြီး မိမိတို့နိုင်ငံ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံဖြစ်အောင် ကြိုးပမ်းရမည့်တာဝန်သည် အဆိုပါနိုင်ငံသားတို့၏ သမိုင်းပေးတာဝန်သာ ဖြစ်သည်။

မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့တို့၏ လက်အောက်သို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရာ နယ်ချဲ့တို့၏ ဖိနှိပ်ညှဉ်းပန်းမှုကို အလူးအလဲခံခဲ့ရသည်။ မြန်မာတို့၏ ကမ္ဘာကျော် ကျွန်းသစ်၊ ပျဉ်းကတိုးစသည့် အဖိုးတန်သစ်များကို ဗြိတိသျှဘုံဘေဘားမား ကုမ္ပဏီက လက်ဝါးကြီးအုပ် ထုတ်ယူသူဌေးဖြစ်သွားခဲ့သည်။ စတီးဘရားသား၊ ဘူလင်ဂျာပူးလ်စသည့် ဗြိတိသျှမျက်နှာဖြူ ကုမ္ပဏီများက မြန်မာတောင်သူလယ်သမားများ ကုန်းရုန်း စိုက်ပျိုးထွက်ရှိသော စပါးကောက်နှံ၊ ပဲမျိုးစုံ၊ ဝါဂွမ်း၊ ဂုန်လျှော်စသည်တို့ကို မြန်မာတို့ထံမှ ဈေးနှိမ်ဝယ်၊ ပြည်ပသို့ ဈေးကောင်းမြင့် တင်ပို့ကာ သူကြွယ်ဖြစ်သွားခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့၏ ဘီအိုစီကုမ္ပဏီက မြန်မာ့ရေနံမြေများမှ ရေနံများကို ထုတ်ယူပြီး စီးပွားဖြစ်သွားခဲ့ကြသည်။ ဘားမားကော်ပိုရေးရှင်းကဲ့သို့ မျက်နှာဖြူသတ္တုကုမ္ပဏီများက မြန်မာ့မြေအောက် သယံဇာတဖြစ်သည့် ရွှေ၊ငွေ၊ကြေး၊ သွပ်၊ ခဲ၊ သံစသည့် ဓာတ်သတ္တုများဖြင့် ကမ္ဘာ့သူကြွယ်စာရင်း၌ ထိပ်ဆုံးရောက်သွားခဲ့သည်။ မြန်မာတို့ကား ဖွတ်ကျောပြာစု၊ ခရုဆံကျွတ်ဘဝဖြင့် ဆင်းရဲမွဲတေခဲ့ရသည်။

ထို့ကြောင့် တိုင်းရင်းသားစုံမျိုးချစ်များက နယ်ချဲ့တို့လက်မှ မြန်မာ့လွတ်လပ်ရေးကို နည်းမျိုးစုံဖြင့် အသက်သွေးချွေးရင်းကာ တိုက်ယူခဲ့သည်။ ရေနံမြေအလုပ်သမားအရေးတော်ပုံ၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ပညာရေးတိုက်ပွဲများ၌ သွေးမြေကျခဲ့ကြရသည်။ ဒုတိယကမ္ဘာစစ် ဖြစ်လုနီးအချိန်၌ မြန်မာလူငယ်သုံးဆယ် ပြည်ပသို့ ထွက်ခွာသွားခဲ့သည်။ နယ်ချဲ့တို့ထံမှ မြန်မာ့လွတ်လပ်ရေးကို ပါးစပ်ဖြင့်ပြန်တောင်း၍ ရနိုင်မည်မဟုတ်၊ နယ်ချဲ့တို့သည် သူတစ်ပါးနိုင်ငံကို ကျွန်ပြုသွေးစုပ်သည့် အရသာကို မဖြတ်နိုင်ကြတော့မှန်း သိလာသည်။ ထိုအသိအရ နယ်ချဲ့ကို လက်နက်ကိုင်တိုက်ထုတ်ရန် စစ်ပညာနှင့် လက်နက်ရှာဖွေရန် မြန်မာလူငယ်သုံးဆယ် ပြည်ပသို့ထွက်ခွာသွားခဲ့ခြင်း ဖြစ်သည်။

နယ်ချဲ့ဗြိတိသျှအစိုးရကို မြန်မာတို့က ဓား၊ လှံ၊ လေးမြားလောက်၊ ဝါးရင်းတုတ်လောက်နှင့် တိုက်၍မရနိုင်။ ထို့ကြောင့် ရဲဘော်သုံးကျိပ်သည် ဂျပန်မီနာမီကန်းအဖွဲ့နှင့် ဆက်သွယ်မိပြီး ဂျပန်တို့ထံမှ စစ်ပညာသင်သည်။ လက်နက်အကူအညီယူသည်။ ရဲဘော်သုံးကျိပ်နှင့် ဘီအိုင်အေ(ခေါ်) မြန်မာ့လွတ်လပ်ရေးတပ်မတော်က ဒုတိယကမ္ဘာစစ် စတင်သည်နှင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တိုက်ထုတ်ခဲ့သည်။

သို့တိုင် ဖက်ဆစ်တို့နှင့် လူပေါင်းမှားခဲ့သည်။ ဖက်ဆစ်တို့၏ သုံးနှစ်သုံးမိုး နှိပ်စက်မှုဒဏ်ခံရသဖြင့် မြန်မာတော်လှန်ရေးသမားများကပင် ဖက်ဆစ်တို့ကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တော်လှန်တိုက်ထုတ်ခဲ့သည်။ ဖက်ဆစ်တို့ကို တိုက်ထုတ်ရာ၌ အကူအညီရရန် အိန္ဒိယသို့ သွားကာ အင်္ဂလိပ်တို့နှင့်ဆက်သွယ်၍ အကူအညီ ရယူခဲ့သည်။ ဖက်ဆစ်အပြေး၊ အင်္ဂလိပ်ပြန်ဝင်လာသောအခါ မြန်မာတို့သည် ပြည်တွင်း(ပြည်သူ့) အင်အားဖြင့်ပင် လုံးဝလွတ်လပ်ရေး ပြန်လည်ရယူခဲ့သည်။ မည်သို့ပင်ဆိုစေ ဖက်ဆစ်တို့နှင့် ပေါင်းခဲ့ရသည်မှာ နယ်ချဲ့အင်္ဂလိပ်တို့အား တိုက်ထုတ်ရန်ဖြစ်ပြီး စစ်တွင်းကာလ အင်္ဂလိပ်တို့နှင့် ဆက်သွယ်ခဲ့ရသည်မှာ ဖက်ဆစ်များကို အမြန်ဆုံး မောင်းထုတ်နိုင်ရန် ဖြစ်သည်။ ယင်းဆက်သွယ်မှုနှစ်ခု၏ မဟာဗျူဟာမှာ မြန်မာတို့လွတ်လပ်ရေး ပြန်လည်ရရှိဖို့သာ ဖြစ်သည်။

၁၉၁၇ခုနှစ်က လီနင်ခေါင်းဆောင်သော ဘော်လ်ရှီဗစ်(ဆိုရှယ်လစ်) တော်လှန်ရေးသမားများက ကမ္ဘာ့မြေပြင်၏ ခြောက်ပုံတစ်ပုံခန့် ကျယ်ပြောသော ရုရှားနိုင်ငံကို သိမ်းပိုက်နိုင်ခဲ့ရာ ဇာဘုရင်မျိုးနွယ်များ၊ ကြားဖြတ်အစိုးရခေါင်းဆောင်နှင့် နောက်လိုက်များသည် လီနင်၏ ဘော်လ်ရှီဗစ်(လူများစု) ပါတီနှင့် သဘောထားကွဲခဲ့ကြသည်။ မင်ရှီဗစ်(လူနည်းစု)ခေါင်းဆောင်ဖြစ်ကာ ဆိုရှယ်လစ်တည်ဆောက်ရေးကို ဆန့်ကျင်သည့် ထရော့စကီးတို့သည် ပြည်ပအားကိုးပြီး ပြည်ပသို့ ထွက်ပြေးခဲ့ကြသည်။ အနောက်အရင်းရှင်နယ်ချဲ့နိုင်ငံများ၏ အကူအညီဖြင့် ရုရှားကို ပြန်လည်သိမ်းပိုက် စိုးမိုးနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြပြီး ကမ္ဘာ့အစောဆုံး ပြည်ပြေးဇာတ်ခင်းခဲ့ကြသည်။

ထရော့စကီးကား မက္ကဆီကိုတွင် ခိုလှုံနေစဉ် ဆိုဗီယက်ကေဂျီဘီ ထောက်လှမ်းရေးအဖွဲ့၏ လုပ်ကြံသတ်ဖြတ်ခြင်း ခံလိုက်ရပြီး ပြည်ပြေးဇာတ်သိမ်းခဲ့သည်။ အနောက်နိုင်ငံများကလည်း ရုရှားပြည်ပြေးများကို ဆိုဗီယက်အစိုးရဆန့်ကျင်ရေး လုပ်ငန်းများ၌သုံး၏။ မသေထမင်း၊ မသေဟင်းလောက် ထောက်ပံ့ကာ အသုံးချ၏။ မွေးရင်ပန်၊ နံရင်ပစ်တတ်သော နယ်ချဲ့တို့၏ အကျင့်အတိုင်း ဆိုဗီယက်ပြည်ထောင်စုကို ထိရောက်စွာ တိုက်ခိုက်ပေးနိုင်စွမ်းမရှိတော့သည့်အခါ ရုရှားပြည်ပြေးများကို ချောင်ထိုးထားလိုက်တော့သည်။ ဇာဘုရင်မျိုးနွယ်များ ပြင်သစ်နိုင်ငံ ပါရီမြို့တော် ဟိုတယ်များ၌ စားပွဲထိုးလုပ်စားနေခဲ့ကြရသည်။ ပြည်တွင်းတော်လှန်ရေးကို ပြည်တွင်းမှာပင် ပြည်သူ့အင်အားဖြင့် မဆောင်ရွက်ဘဲ ပြည်ပအားကိုးပြီး ပြည်ပြေးဘဝခံယူသူတို့၏ ဇာတ်သိမ်းမကောင်းလှသော သာဓကများကား များလှချေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် ကာနယ်တူးလောက်၊ သတင်းထောက်ကင်းဘဲလ်တို့၏ အားကိုးဖြင့် အင်္ဂလန်၊ အမေရိကန်တို့ထံမှ ငွေကြေး၊ လက်နက်မျှော်ကိုးပုန်ကန်သော ကေအင်န်ဒီအိုသည် နောင်ကေအင်န်ယူဘဝရောက်ပြီး ယနေ့တိုင် တစ်ဖက်နိုင်ငံ၌ တွယ်ကပ်ကာ လုံးပါးပါးနေရပြီဖြစ်သည်။ သူတို့၏ ပြည်ပအားကိုး (ပြည်ပြေးတစ်ပိုင်း၊ သောင်းကျန်းမှုတစ်ပိုင်း) သက်တမ်းကလည်း နှစ်ပေါင်း ၆၀ကျော်ပေပြီ။

ပြည်ပအားကိုးပြီး ပြည်ပြေးဇာတ်ခင်းသော မြန်မာနိုင်ငံမှ သောင်းကျန်းသူမှန်သမျှသည် ဇာတ်သိမ်းမကောင်းကြပေ။ ၁၉၆၉ခုနှစ် နှောင်းပိုင်းတွင် ဦးနု-ဦးလောရုံတို့၏ ပြည်ပြေးအဖွဲ့ကြီး ပေါ်လာခဲ့သည်။ တစ်ဖက်နိုင်ငံတွင် အခြေစိုက်ကာ အမေရိကန်စီအိုင်အေ၏ အထောက်အပံ့၊ လက်ရှိသောင်းကျန်းသူအဖွဲ့များ၏ ပူးပေါင်းပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကို နေ့ချင်းညချင်း တိုက်သိမ်းယူတော့မယောင် လက်ဝှေ့ရေးပြခဲ့ကြသည်။ သို့သော် ရက်ပိုင်း၊ လပိုင်းအတွင်း ဦးနုရော၊ ဦးလောရုံပါ ပြည်ပြေးလုပ်ရပ်ကို လက်မြှောက်သွားခဲ့ရသည်။

ဦးနု၏သား မောင်အောင်၊ သန်းထိုက်၊ ဦးချမ်းသာ၏သား ရဲကျော်သူ၊ ဦးဝင်း၏သား တင်မောင်ဝင်းတို့ ပြည်ပြေးဘဝ၌ ဆက်လက်လှုပ်ရှားခဲ့ကြသည်။ အဓိကအားဖြင့် လန်ဒန်၊ဝါရှင်တန်တို့တွင် တွယ်ကပ်နေနိုင်ရုံလောက်သာ အမိမြန်မာနိုင်ငံကို ပြန်ဆန့်ကျင်ပြနေခဲ့ကြရသည်။ ယနေ့ ရဲကျော်သူ၊ တင်မောင်ဝင်းတို့ တစ်ဖက်နိုင်ငံသို့ လာရောက်နေထိုင်ရင်း ချို့ချို့ငဲ့ငဲ့ဖြင့် ဘဝနိဂုံးချုပ်သွားခဲ့ကြပြီဖြစ်သည်။ သူတို့ကို CRDB၊ တစ်ကျော့ပြန် ပြည်ပြေးများဟု ခေါ်ကြသည်။ အရွယ်ရင့်၊ အစွမ်းအစ ညှိုလာသဖြင့် နံရင်ပစ်သော နယ်ချဲ့အမှိုက်ပုံးထဲ ရောက်သွားကြ၏။

သတင်းထောက် သက်ရှည်

ပဲခူးရိုးမ မြရာပင်ကျောမှ နယ်စပ်သို့ ထွက်ပြေးသွားရသော ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ)သည် ပြည်ပအားကိုးကာ ပြည်ပြေးဘဝဖြင့် နယ်စပ်အကြိုအကြားကပ်နေခဲ့၏။ လက်တွေ့၌ ကျောက်စိမ်းမှောင်ခို၊ ဘိန်းမှောင်ခိုဘဝဖြင့် ရပ်တည်ခဲ့ရ၏။ ပြည်ပက စွန့်ပစ်ခံရပြီး ပြည်သူ၏ အော့ကြောလန်မှုခံရသော ဗကပသည် ယနေ့ကြေပြုန်းသွားပြီ ဖြစ်သည်။ ကောက်သင်းကောက်မျှသာ ကျန်ရစ်သည့် ကွန်မြူနစ်တစ်ဦးစ၊ နှစ်ဦးစသည်လည်း နယ်ချဲ့မီဒီယာ BBC, VOA တို့ဖြင့် ဗျူးစားနေရပေသည်။

၁၉၈၈ခုနှစ် မင်းမဲ့စရိုက်လွှမ်းကဲသော တိုင်းဆူပြည်ဖျက် ဆူပူမှုပြိုကွဲသွားသောအခါ ပြည်တွင်းမှ ဒီမိုကရေစီခေါင်းဆောင် ဆိုသူများက နယ်စပ်သောင်းကျန်းသူစခန်းများနှင့် တစ်ဖက်နိုင်ငံသို့ လူငယ်လူရွယ်များစွာကို တွန်းပို့ခဲ့ကြသည်။ ပြည်ပကလည်း လက်ယပ်ခေါ်ကာ မြန်မာ့ပြည်ပြေး မွေးမြူရေးခြံများ၊ တင်းကုပ်များ တည်ထောင်ပေးခဲ့ကြသည်။ နယ်ချဲ့အသုံးချခံရဆဲပြည်ပြေးများ ယခုအခါ ဝါရှင်တန်၊ လန်ဒန်၊ အော့စလို စသည့် အနောက်အုပ်စုဝင် နိုင်ငံမြို့ကြီးများသို့ ရောက်သွား၏။ ယင်းနိုင်ငံများသို့ ရောက်ပြီးမှ အသုံးမတည့်သော ပညာတစ်ပိုင်းတစ်စ ပြည်ပြေးများလည်း ဘေးရောက်နေရ၏။ နယ်စပ်နှင့်တစ်ဖက်နိုင်ငံတွင်း၌ တွယ်ရာမဲ့ဘဝဖြင့် ဘဝပျက်နေရသော ပြည်ပြေးအမျိုးသား၊ အမျိုးသမီးများ၏ ရင်နာဖွယ်သတင်းများ ကြားနေရ၏။

ပြည်ပြေးများ ရှိနေသေးသည်ကို သက်သေပြရန် BBC, VOA, RFA, DVB တို့တွင် ပြည်ပြေးများကို အလုပ်ပေးထားကာ ကိုယ့်အမိနိုင်ငံ ပြန်တိုက်ခိုင်းထား၏။ ရဲဘော်သုံးကျိပ်သည် နယ်ချဲ့ကို တိုက်ထုတ်ပြီး မြန်မာ့လွတ်လပ်ရေးပြန်ယူရန် အခြေအနေအရ ပြည်ပသို့ ခေတ္တထွက်ခွာကာ စစ်ပညာ အကူအညီယူခဲ့သည်။ ယနေ့ ပြည်ပြေးများကဲ့သို့ နယ်ချဲ့အကြိုက် လုပ်ပေးရင်း ကိုယ့်နိုင်ငံ ကျွန်ပြန်ဖြစ်အောင် ပြည်ပအားကိုး မှီခိုခဲ့ခြင်းမဟုတ်ပေ။ ယနေ့ ပြည်ပြေးတို့၏ ဘဝကား လွတ်လပ်ရေးလမ်းကြောင်းကို ပြောင်းပြန် ပြန်လျှောက်နေရသည့်ဘဝပေ။ နံရင်ပစ်ခံရသော ပြည်ပြေးများ ထောင်သောင်းချီပေပြီ။ မန်သေး၍ အပစ်မခံရသေးသော ပြည်ပြေးအချို့သာ ထောင်ထောင် ထောင်ထောင်နှင့် ကိုယ့်နိုင်ငံကိုယ် ပြန်အပုပ်ချနေနိုင်ခြင်း ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးသမိုင်းနှင့် ချိန်ပြီးပြောရလျှင် ပြည်ပြေးဟူသည် ပြန်လမ်းမရှိသူများ၊ အနာဂတ်မရှိတော့သူများသာ ဖြစ်သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့နှစ်တစ်ရာကျော် အုပ်ချုပ်သွားသည်။ နယ်ချဲ့ကျူးကျော်စမှာပင် အချုပ်တန်းဆရာဖေ၏ တေးထပ်တွင်ပါသကဲ့သို့ "မိပစ်လို့ ဖရောင်သွေ့သည်၊ ဌကောင်တွေခွေးဖြစ်ပေါ့ဗျိုး" ဟူသော နိုင်ငံခြားသားပထွေးသစ်ရှာလိုသူများ၊ "ပြောရေ့ဟဲ့ ရာဇဝင်ပြောင်အောင်၊ စာဇင်တောင်ဦးချလို့၊ ပလူးကြ ပြေးကြို့ခါခါ၊ ခွေးသို့ပမာ" ဟူသော နယ်ချဲ့အလိုတော်ရိများ ပေါ်ခဲ့ဖူးသည်။ စကားပြန် မောင်ဘသန်းကဲ့သို့ နယ်ချဲ့တို့၏ သင်္ဘောဦးတွင် ထိုင်လိုက်ကာ နယ်ချဲ့လမ်းပြလုပ်သော အမျိုးသားသစ္စာဖောက်မျိုး ပေါ်ခဲ့ဖူးသည်။

အင်္ဂလိပ်ခေတ် ပညာတတ်ကြီးအချို့၊ အင်္ဂလိပ်ခေတ် ငွေကြေးကြွယ်ဝသူအချို့၊ မြေရှင်အချို့က ၁၉၄၈ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်၍ မြန်မာအစိုးရအုပ်ချုပ်တော့မည်ဆိုသည်နှင့် မြန်မာအစိုးရလက်အောက် မနေလိုဟု ဆိုကာ အနောက်နိုင်ငံများသို့ တန်းစီထွက်ခွာသွားခဲ့ကြသည်။ ထိုသူတို့သည် ပညာလည်းတတ်၊ ငွေကြေးနှင့် ရွှေငွေရတနာ တစ်ထုပ်တပိုးနှင့် အနောက်သို့ ရောက်သွားသဖြင့် ချောင်ချောင်လည်လည် နေထိုင်နိုင်ခဲ့ကြသေးသည်။ သို့သော် သူတို့သည် နယ်ချဲ့သွေးစုပ်၍ မြော့မြော့သာကျန်သော ကိုယ့်အမိနိုင်ငံ လွတ်လပ်ပြီ၊ ကိုယ့်နိုင်ငံတိုးတက်ဖွံ့ဖြိုးအောင် ကြိုးစားလိုက်မည်ဆိုသော တာဝန်သိ မြန်မာလူမျိုးဘဝကိုကား ဆုံးရှုံးခဲ့ရသည်။ အချို့ အသက်ကြီးလာမှ ကိုယ့်နိုင်ငံ ကိုယ်ပြန်လွမ်းပြီး ခရီးသည်ပြည်ဝင်ခွင့်(ဗီဇာ)ဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ် ကြသေးသည်။သို့သော်လွမ်းရုံသာလွမ်းနိုင်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၏ အကျိုးစီးပွားကို ပစ်ပယ်ခဲ့ကြသူများအတွက် နောင်တမှတစ်ပါး အခြားမရှိနိုင်ပေ။

၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီက မြန်မာနိုင်ငံတွင် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မည်ဆိုသောအခါ အရင်းရှင်၊ မြေရှင်စိတ်ဓာတ်ပြင်းထန်သူများ၊ ငွေရှင်၊ မြေရှင်အချို့သည် အနောက်နိုင်ငံများသို့ ထွက်သွားကြပြန်၏။ အပြီးအပိုင်ထွက်ခွာသွားကြခြင်းဖြစ်သည်။ သူတို့တွင် ဆိုရှယ်လစ်စနစ်ကို မကြိုက်ခြင်း၊ ကိုယ့်မြန်မာနိုင်ငံဖွံ့ဖြိုးမှု နောက်ကျရသည်မှာ နယ်ချဲ့သွေးစုပ်မှုကြောင့်၊ ပြည်တွင်းသောင်းကျန်းမှုကြောင့်ဟု အဖြေမှန်မရှာဘဲ မြန်မာနိုင်ငံထက် အနောက်နိုင်ငံများက ခမ်းနားသည်၊ အဆင့်အတန်းမြင့်သည်ဟု ရှုမြင်အားကျခြင်းများကြောင့် အနောက် နိုင်ငံကြီးများ၏ နိုင်ငံသားအဖြစ်ခံယူကာ ဇာတိချက်ကြွေ မွေးရပ်မြေကို မေ့နေလိုက်ကြပေတော့သည်။

၁၉၇၀ပြည့်နှစ်ဝန်းကျင် ပြည်ပြေးများတွင် ပညာတတ်သူအချို့ပါခဲ့သည်။ သို့သော် အာဏာငမ်းဖမ်းခံရသူများပီပီ အာဏာနိုင်ငံရေး မွှန်ကာ ကိုယ့်နိုင်ငံ ကိုယ့်ပြန်ဖျက်ရန်၊ တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစားရန် ကြံခဲ့ကြသူများဖြစ်၍ ဇာတ်သိမ်းမကောင်းခဲ့ကြခြင်းဖြစ်သည်။

၁၉၈၈ခုနှစ်မှစတင်သော ပြည်ပြေးများကား အများစုမှာ ၁၀တန်းပင်မအောင်၊ အလယ်တန်းပညာလောက်ဖြင့် ပြည်ပြေးသူများ၊ စာမတတ်ဘဲ ပြည်ပ၌ အနေချောင်မည်ဟုတွက်ကာ ပြေးသူများ၊ ပြည်တွင်း၌ ရာဇဝတ်မှုခင်းများကျူးလွန်၍ ဝရမ်းထုတ်ခံထားရသော ပြည်ပြေးများက အများစုဖြစ်သည်။ ကြံ့ရာကျပန်း၊ ကိုယ့်ဝမ်းကိုယ်ကျောင်းရင်း အမိနိုင်ငံရင်ခွင်သို့ ပြန်မဝင်ရဲဘဲ ပြည်ပ၌ ဘဝပျက်နေကြရသည်။

သြော်…ပြည်ပြေးဆိုသည်မှာ ပြည်နှင့်ဝေးရာသို့ပြေးသွားကြရသူများပါတကား။ တစ်နည်းအားဖြင့် ပြန်လမ်းမရှိအောင် အမိနိုင်ငံကို ကျောခိုင်းလျှောက်နေကြသူများပါတကား။ ။

၁၉၈၈ ခုနှစ်မှ စတင်သော ပြည်ပြေးများကား အများစုမှာ ၁၀တန်းပင်မအောင်၊ အလယ်တန်းပညာလောက်ဖြင့် ပြည်ပြေးသူများ၊ စာမတတ်ဘဲ ပြည်ပ၌ အနေချောင်မည်ဟုတွက်ကာ ပြေးသူများ၊ ပြည်တွင်း၌ ရာဇဝတ်မှုခင်းများ ကျူးလွန်၍ ဝရမ်းထုတ်ခံထားရသော ပြည်ပြေးများက အများစုဖြစ်။ ကြံ့ရာကျပန်း၊ ကိုယ့်ဝမ်း ကိုယ်ကျောင်းရင်း အမိနိုင်ငံရင်ခွင်သို့ ပြန်မဝင်ရဲဘဲ ပြည်ပ၌ ဘဝပျက်နေကြရ။

20-9 (10).pmd 1 9/21/2008, 2:51 AM

ဖျာပုံမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် လှည့်လည်စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက ဖျာပုံမြစ်တစ်လျှောက် မြစ်တန်း၊ အခြာလေးစသော ကမ်းနားနေကျေးရွာများ၌ ဒေသခံရေလုပ်ငန်းလုပ်ကိုင်ကြသူများ၏ မူလလုပ်ငန်းခွင် ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိသည့် ကမ်းဝေးငါးဖမ်းဖောင်များဖြင့် ရေလုပ်ငန်းလုပ်ကိုင်နေမှု၊ ငါးဖမ်းစက်လှေများ ပုံမှန်ဝင်ရောက် ထွက်ခွာနေမှု အခြေအနေများကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကနိကျေးရွာ မူလတန်းကျောင်း၌ မူကြိုကလေးငယ်များ ပြုစုစောင့်ရှောက်မှုလုပ်ငန်းကို ကြည့်ရှုအားပေးပြီး ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် စာသင်ခန်းမအတွင်း ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားတွေ့ဆုံ၍ သင်ကြားရေးအထောက်အကူပြု စာရေးကိရိယာများကို ကျောင်းအုပ်ကြီးထံပေးအပ်ပြီး စာသင်ခန်းအတွင်း ကျောင်းသား ကျောင်းသူများ စာပေသင်ကြားနေမှုကို လိုက်လံကြည့်ရှု အားပေးသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကနိကျေးရွာ ပရဟိတဂေဟာသို့ရောက်ရှိကြပြီး ဂေဟာရှိကလေးသူငယ် ၉၇ဦး အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျေးလက်ကျန်းမာရေးဌာနခွဲ ကျေးရွာဆေးပေးခန်းအတွက် ဆေးဝါးများ ထောက်ပံ့ပေးအပ်သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးသည် ပရဟိတဂေဟာဧည့်ခန်းမ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် အဖွဲ့ဝင်များ၊ ဒေသခံများ၊ ရပ်မိ ရပ်ဖများအားတွေ့ဆုံကာ နိုင်ငံတော်က လေဘေးသင့်ဒေသများ ပံ့ပိုးဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဒေါ်ညိမ်းကျေးရွာသို့ရောက်ရှိပြီး အမာမြို့ ဒေါ်ညိမ်းကျေးရွာအုပ်စုမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဆားချက်တောင်သူများ၊ ဒေသခံလယ်သမားများနှင့် တွေ့ဆုံသည်။

ဆေးဝါးများပံ့ပိုး

ထို့နောက် ဝန်ကြီးသည် ကျေးရွာအထက်တန်းကျောင်းသစ် မွမ်းမံပြီးစီးမှုအခြေအနေများကို လိုက်လံစစ်ဆေးကာ ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ မွမ်းမံပြီးစီးမှုအခြေအနေကို စစ်ဆေးပြီး ဆေးပေးခန်းအတွက် လိုအပ်သောဆေးဝါးများကို လည်းကောင်း ပံ့ပိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကျုံကဒွန်းကျေးရွာ အထက်တန်းကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် တိုက်နယ်ဆေးရုံ ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင် စက်တင်ဘာ ၈ရက်က လှိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံစက်ချုပ်သင်တန်းတွင် တိုင်းရင်းသူများ လက်တွေ့လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

ဟိုင်းကြီးကျွန်း၌ လူနေအိမ်များ ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီးမှု သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

အရိပ်ရပင်နှင့် လေကာပင်များ ထပ်မံစိုက်ပျိုးရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ ၁၄ရက်က ဧရာဝတီတိုင်း လပွတ္တာခရိုင် ဟိုင်းကြီးကျွန်းမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ရွှေသံလွင်ကုမ္ပဏီမှ သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထပ်မံစိုက်ပျိုး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုပြီး သပြေငူကျေးရွာ၌ ရွှေသံလွင်ကုမ္ပဏီက အသစ်ဆောက်လုပ်နေသည့် လူနေအိမ်များ ရာနှုန်းပြည့်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအား အရိပ်ရအပင်များ၊ လေကာပင်များ၊ ထပ်မံစိုက်ပျိုးကြရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်အောင်လုပ်ဆောင်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပြင်ခရိုင်ဒေသ ပြန်လည်ထူထောင်မှုနှင့် စိုက်ပျိုးဖြစ်ထွန်းနေသောစပါးခင်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ကုန်းသာယာကျေးရွာသို့ရောက်ရှိပြီး ကျောက်ကလပ်ဆေးရုံ တည်ဆောက်မည့် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်း လမ်းပိုင်းမှ အုတ်တွင်း-ထိပ်စွန်းကားလမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ စမ်းချောင်း အထက(၃)တွင် ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို စက်တင်ဘာ ၁၁ရက်က အထက(၃) စမ်းချောင်း ပညာရတနာခန်းမ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက ရည်မှန်းချက်ရှိရမယ် ခေါင်းစဉ်ဖြင့် ဟောပြောသည်။**(အောက်ပုံ)** ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဌေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စိတ်ဝင်စားစွာကြည့်ရှု

အခမ်းအနားအပြီးတွင် စာအုပ်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟင်္သာတခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

ဟင်္သာတ စက်တင်ဘာ ၁၉

ဟင်္သာတခရိုင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို သြဂုတ်၁၁ရက်နှင့် ၁၂ ရက်ညများက ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်တင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဟင်္သာတ၊ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဇလွန်မြို့နယ်တို့မှ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင် ပညာရှင်အဆင့်နှင့် ဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်တင်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲအား ဆက်လက်ကျင်းပသည်။ ထို့နောက် သြဂုတ်၁၂ရက်ညတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် ကဏ္ဍအလိုက်ဆုရရှိသူများအား ခရိုင်ဥက္ကဋ္ဌ ဦးကြည်တင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြောင်း သိရသည်။**(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းနှင့် အရာထမ်းလောင်း သင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၁၉

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၇၈)နှင့်အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ်(၂၈)တို့၏ သင်တန်းဆင်းအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စစ်ရေးပြကွင်း၌ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင်က အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၁၇၈)နှင့် အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ်(၂၈)မှ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

ချီးမြှင့်

ယင်းနောက် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ ပါမောက္ခချုပ် ဦးဝင်းမောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီးသင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်သည်။

(သတင်းစဉ်)

ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၀၉ရက်နေ့တွင် အသက် ၁၆နှစ်ပြည့်ပြီး ၁၉နှစ်ထက် မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာ စစ်ဌာနချုပ်များတွင် ၁-၁၀-၂၀၀၈ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး ၁၅-၁၂-၂၀၀၈ ရက်နေ့မှ ၂၂-၁၂-၂၀၀၈ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ **Dip.C.S (Diploma in Computer Studies)** ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ (၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၁၅၀၀၀/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ် သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး/စာရေး(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

	အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က)	တပ်ကြပ်ကြီး/စာရေး(တတိယတန်း)	၃၄၀၀၀	၂၀၀	၅၀၀၀	၃၉၂၀၀
(ခ)	တပ်ကြပ်ကြီး/စာရေး(ဒုတိယတန်း)	၃၄၀၀၀	၃၀၀	၅၀၀၀	၃၉၃၀၀
(ဂ)	တပ်ကြပ်ကြီး/စာရေး(ပထမတန်း)	၃၄၀၀၀	၄၀၀	၅၀၀၀	၃၉၄၀၀
(ဃ)	ဒုတိယအရာခံဗိုလ်/စာရေး	၄၆၀၀၀	၄၀၀	၅၀၀၀	၅၁၄၀၀
(င)	အရာခံဗိုလ်/စာရေး	၅၂၀၀၀	၄၀၀	၅၀၀၀	၅၇၄၀၀

မှတ်ချက်။ နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀/-နှုန်းဖြင့် ၅၀၀၀/-အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေးအတွက်** အဆင်ပြေစွာ ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း **ဗိုလ်လောင်းသင်တန်း**သို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး/စာရေးများသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ် ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

SOEYADANAR အဆင့်မြင့်စားသောက်ကုန်သင်တန်း

ဦးအေးမြင့် B.Com,B.A(Dip in Food Technology) မှ တရုတ်ဟင်း၊ ကော်ရည်၊ ကြေးအိုး၊ ဆီချက်၊ တုတ်ထိုး၊ ကြက်ဆီထမင်း၊ ဝက်ကောက်ညှင်းထုပ်၊ အကင်စုံ၊ KFC ကြက်ကြော်၊ဒံပေါက်၊ရေခဲမုန့်၊အချိုရည်၊ယို၊ ဂျယ်လီ၊ ကိတ်၊ ပေါင်မုန့်၊ ပီဇာ၊ ဘာဂါ၊ ပေါက်စီ၊ အီကြာကွေး၊ ဖက်ထုပ် စုစုပေါင်း ၄၅ မျိုးကို စာတွေ့လက်တွေ့သင်ကြားပေးမည်။(သင်တန်းကြေး-ကျပ်၃၀၀၀၀) သင်တန်းစရက်-အပတ်စဉ် တနင်္လာနှင့် စနေနေ့တိုင်း တန်းခွဲသစ်များရှိသည်။ **နေ့စဉ်- မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ (၁၄ရက် သင်တန်း)** **အမှတ် ၁၂၀-၁၂၂၊ ဗိုလ်မြတ်ထွန်းလမ်း (အောက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၉၉-၂၆၄၃၆၊ ၇၂၀၁၂၇၊ ၀၉-၅၁-၄၅၃၁၆။**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်း မရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

ဗုဒ္ဓဘာသာလက်စွဲကျမ်း (ပထမတွဲ+ဒုတိယတွဲ)

ဗုဒ္ဓဘာသာဝင်တိုင်း လက်ကိုင်ထား၍ လေ့လာမှတ်သား ကျင့်ကြံအားထုတ်ထိုက်သည့် ဗုဒ္ဓဘာသာလက်စွဲကျမ်းကြီးကို ဘုန်းတော်ကြီးကျောင်းများ၊ စာကြည့်တိုက်များ၊ ဗုဒ္ဓစာပေကို လိုက်စားလိုသူများအတွက် အားပေးပူဇော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

(သာသနာရေးဝန်ကြီးဌာန)

စာအုပ်ရရှိနိုင်သောနေရာများ-

ဝိသုဒ္ဓါရုံသင်္ဂန်းပရိက္ခရာဆိုင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
ပဒေသရာဇာစာအုပ်ဆိုင်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။
ဝိသုဒ္ဓါရုံစာအုပ်ဆိုင်၊ မြို့မဈေး၊ နေပြည်တော်။

မိုင်းဖြတ်မြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ၊ ထူးချွန်ဆုချီးမြှင့်

မိုင်းဖြတ် စက်တင်ဘာ ၁၉

မိုင်းဖြတ်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး(၂၀၀၈)ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ရက် နံနက်၉နာရီခွဲက အသင်းရုံးခန်းမ၌ကျင်းပရာ အသင်းဝင်ကျောင်းသူ ကျောင်းသားများက ပြည်မြန်မာသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေတို့က အမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ငွေကျပ်ငါးသိန်း၊ ဦးကျစိုးဘိုက ငွေကျပ်နှစ်သိန်း၊ သစ်လုပ်ငန်းရှင်များကိုယ်စား ဦးခမ်းကျန်က ငွေကျပ်တစ်သိန်းငါးသောင်း၊ ခရိုင်အတွင်းရေးမှူး ဦးထွန်းရွှေက ငွေကျပ်တစ်သိန်း၊ ခရိုင်နှင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ငွေကျပ်သုံးသောင်းနှင့် ဦးကျော်ဝင်းစိန်က ငွေကျပ်တစ်သောင်းပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတို့ကလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသူ ကျောင်းသားများနှင့် စာမေးပွဲအောင်ချက်ကောင်းအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ခရိုင်အတွင်းရေးမှူး ဦးထွန်းရွှေက အသင်းရန်ပုံငွေမှ ဆားလို့အပေါ်ရွာ သောက်သုံးရေကန်အတွက် ငွေကျပ်သုံးသောင်း၊ အင်ပန်တူရွာ သောက်သုံးရေကန်အတွက် ငွေကျပ်သုံးသောင်း၊ ပန်ကြအပေါ်ရွာ သောက်သုံးရေကန်အတွက် ငွေကျပ်တစ်သိန်း၊ ၄က်ပျောတောရွာ မီးလင်းရေးအတွက် ငွေကျပ်နှစ်သိန်းနှင့် ပန်ကြအောက်ရွာမီးလင်းရေးအတွက် ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးစိုင်းရီတစ်က လေဘေးဒဏ်ကျရောက်ရာဒေသများသို့ သွားရောက်ကူညီလုပ်အားပေးခဲ့သည့် အသင်းသားလေးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ချမှတ်

ယင်းနောက် သဘာပတိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးပေါလုက အမှာစကားပြောကြားပြီး အလုပ်အမှုဆောင်များက ကဏ္ဍအလိုက် နှစ်ပတ်လည် အစီရင်ခံစာများဖတ်ကြားပြီး မြို့နယ်အတွင်းရေးမှူးက အကြံပြုချက်များအပေါ် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကွင်းဆင်းစစ်ဆေး

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရွှေသာဈေး၌ ဈေးခေါင်း(၄) ဦးနေမျိုးဟန် သား၊ ငါး၊ အစားအစာနှင့် မုန့်ပဲသရေစာများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချရေး ကြီးကြပ်ဆောင်ရွက်နေမှုကို ဩဂုတ် ၂၇ရက်က အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် နေခြည်ဈေးတောင်လမ်း ကွန်ကရစ်ခုံးပေါက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဩဂုတ် ၂၅ရက်က မြန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် နေခြည်ဈေးကော်မတီဝင်များ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ သုခလမ်းတွင် လမ်းပေါက်များ၊ လိုင်းများမရှိစေရေးအတွက် မြို့တွင်းလမ်းပေါက်ဖာခြင်းလုပ်ငန်းဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး သူရဦးမြင့်သူ စက်တင်ဘာ ၁၀ရက်က ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆင်ဖြူရှင်လမ်း ကတ္တရာလမ်းခင်းရန် ကျောက်များ စုဆောင်းထားမှုကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးလှသိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန

(အောက်မြန်မာပြည်)

ရန်ကုန်အဝေးသင်တက္ကသိုလ်

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) နံနက် ၈ နာရီမှ ၁၀ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၈ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိ

၂၂-၉-၂၀၀၈ (တနင်္လာနေ့)

☐ Psycholinguistics(3,4,5)
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Error Analysis(1,2,3)
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၃-၉-၂၀၀၈ (အင်္ဂါနေ့)

☐ Asking For and Giving Direction
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Making Offers and Request I+II
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Making Suggestions
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Making Comparison
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၄-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

☐ Talking About Past Habits
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Talking About Future Plans and Intentions
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Talking About Leisure Activities
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၅-၉-၂၀၀၈ (ကြာသပတေးနေ့)

☐ Describing Places
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Talking About Families
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Expressing Likes and Dislikes
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၆-၉-၂၀၀၈ (သောကြာနေ့)

☐ Teaching Drama(1)+(2)
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

☐ Teaching Drama(3)
- တက္ကသိုလ် ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာပို့ချလျက်ရှိသော ဆရာ ဆရာမများ

၂၇-၉-၂၀၀၈ (စနေနေ့)

☐ History of Psychology
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Memory I
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Memory II
- ပထမနှစ် စိတ်ပညာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Earth and its Movement
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Condensation
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Global Ocean
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

☐ Landfrom Classification
- ပထမနှစ် ပထဝီဝင်အထူးပြု ကျောင်းသား ကျောင်းသူများ

၂၈-၉-၂၀၀၈ (တနင်္ဂနွေနေ့)

☐ Health Care and Health Services
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ The Family
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Nutrition
- ဒုတိယနှစ် အိမ်တွင်းစီးပွားအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Keynesian Policy Applied to the Economy
- ဒုတိယနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Management Science in Decision Making
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Nature of Management
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

☐ Income & Expenditure A/C
- ဒုတိယနှစ် စီးပွားစီမံအထူးပြု ကျောင်းသား ကျောင်းသူများ

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအားလေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျလမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၀၈ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၁

ကွယ်လွန်သူဒေါ်ဝင်းကြည်၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။

ဦးတင်မောင်သိန်း **လျှောက်ထားသူ**

အမှတ်-၅/က၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၄ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

အထက်ဖော်ပြပါနေရပ်လိပ်စာနေ ဦးတင်မောင်သိန်းက ကွယ်လွန်သူဒေါ်ဝင်းကြည်၏ခင်ပွန်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်ဝင်းကြည်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ဝင်းကြည်မှာ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၈ခုနှစ် အောက်တိုဘာ ၁ရက်(၁၃၇၀ပြည့်နှစ် သီတင်းကျွတ် လဆန်း ၂ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူဦးတင်မောင်သိန်း၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၈ခုနှစ် စက်တင်ဘာလ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စိုးညာဏ်(တ/၁၇၆၁)၊ ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်(အနောက်ပိုင်း)ခရိုင်တရားရုံး။

ဥတ္တရာသီ တောက်ပိုမို၏

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၇၅၂၂လက်ဝယ်ရှိသူ ဦးဝင်းတင့် ၁၂/လမန(နိုင်)၀၂၃၉၄၂က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)။**

အမည်မှန်

ဦးမြစိန်ထွန်း-ဒေါ်ဖြူဖြူခိုင်တို့၏သား ဆိပ်မူအလက စတုတ္ထတန်း(ဂ)မှ ဇော်မျိုးကျော် ၏ အမည်မှန်မှာ ခိုင်ဇော်ထွန်းဖြစ်ပြီး သမီးဖြစ်သူ ဆိပ်မူအလက ဒုတိယတန်း(ဂ)မှ မမြလဲ့လဲ့ခိုင်၏ အမည်မှန်မှာ လဲ့လဲ့ခိုင် ဖြစ်ပါကြောင်း။

ခိုင်ဇော်ထွန်း၊ လဲ့လဲ့ခိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ

သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၇၀ပြည့်နှစ်၊တော်သလင်းလပြည့်ကျော် ၁ ရက်
၂၀၀၈ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်

၁။ ၂၀၀၈ခုနှစ်၊နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၄ရက်မှစ၍ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၀၈ခုနှစ်၊ နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်လိုသူများသည် ၂၀၀၈ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်မှ ၂၄ရက်အထိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်) နှင့်စက်တင်ဘာလ ၂၅ရက်မှ အောက်တိုဘာလ ၃ရက်အထိ မြန်မာကွန်ဗင်းရှင်းစင်တာတို့တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ။

20-9 (15).pmd 1 9/21/2008, 2:51 AM

ကျောင်းကုန်းမြို့၌ မိုးစပါးစုပေါင်းတမန်းနှိုး သဘာဝမြေသြဇာ ကြဲပက်နည်းပညာများဆွေးနွေး

ကျောင်းကုန်း စက်တင်ဘာ ၁၂

၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး စုပေါင်းတမန်းနှိုးပွဲနှင့် သဘာဝမြေသြဇာ စုပေါင်းကြဲပက်ပွဲကို ဩဂုတ် ၂၇ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးမခကျေးရွာအုပ်စု ထန်းပင်စုကျေးရွာ လယ်သမားကြီးဦးစံသွင်၏ မနောသုခစပါး လယ်မြေငါးကေ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ တက်ရောက်၍ ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်သူများဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တောင်သူများနှင့်တွေ့ဆုံပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားကာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကြည်သိန်းက မိုးစပါး တစ်ဧကနှင့် အထွက်နှုန်း တိုးတက်စေရန်အတွက် ပေါင်းလိုက်ခြင်း၊ တမန်းနှိုးခြင်း၊ သဘာဝ မြေသြဇာကြဲပက်ခြင်းစသည့် နည်းပညာများကို ဆွေးနွေးပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းက မိုးမခကျေးရွာအုပ်စုအတွင်း စိုက်ပျိုးမှုအခြေအနေနှင့် အောင်မြင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၁၅၄)**

မြင်းခြံခရိုင် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနက ကြီးမှူး၍ မြင်းခြံမြို့နယ်အတွင်း ယာဉ်မတော်တဆဖြစ်မှု လျှော့နည်း ပပျောက်ရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၃၁ရက်က မြင်းခြံမြို့ ကားကြီးဝင်းအတွင်း ကွင်းဆင်း ဆောင်ရွက်၍ ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိမ်းစိမ်းမာက ပညာပေးဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၄) ရပ်ကွက် သောက်သုံးရေဖူလုံရေးအတွက် မြို့တွင်းရေပို့ပိုက်လိုင်းများ တိုးချဲ့တပ်ဆင်ခြင်းကို ပြည်နယ်အင်ဂျင်နီယာမှူးကြီး ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် အငယ်တန်းအင်ဂျင်နီယာ ဒေါ်အေးဝါဝါတင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထို၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် စာအုပ်စာစောင်နှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်း

ကျိုက်ထို စက်တင်ဘာ ၁၅

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ကမ်းနီကျေးရွာအုပ်စု သထုံစုကျေးရွာ ပညာဥယျာဉ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စိုးပိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်စောလင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြတ်နှင့် စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစံရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာအုပ်စာစောင်နှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စာကြည့်တိုက်အတွင်း ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရေဒီယိုတစ်လုံး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၅၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ်စာစောင် ၄၅ အုပ်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က သတင်းစာ ၁၈၀၊ သိမ်ဇရပ်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘမင်းက သုတစာအုပ် ၁၄အုပ်နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စည် ကြီးကြပ်မှုဖြင့် ဩဂုတ် ၁၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများဖြင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များစိုက်ပျိုးစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေး

ရန်ကုန် စက်တင်ဘာ ၁၉

သံဖြူဇရပ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၄ရက် နံနက် ၉နာရီက သံဖြူဇရပ်မြို့ရှိ မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံဖြူဇရပ်မြို့နယ်မှ လေးဘာသာဂုဏ်ထူးရှင်ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ မြို့နယ်အောင်ချက်ရာနှုန်း အကောင်းဆုံးဆုရ ကျောင်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသော အသင်းဝင်များအား ဂုဏ်ပြုဆုများကို တာဝန်ရှိသူများနှင့် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်တို့က ဆုချီးမြှင့်ကြသည်။

ဆက်လက်၍ အလှူငွေများကို ပေးအပ်ကြရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးခင်မောင်ဦးက လက်ခံ၍ **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များအား ပြန်လည်ပေးအပ်သည်။

ထို့နောက် မြို့နယ်အသင်း၏ ဇုန်နယ်မြေအလိုက် အစီရင်ခံစာများနှင့် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းပြီး ရေးရာအလိုက် အစီရင်ခံစာများအပေါ် သုံးသပ်အကြံပြုကာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဗန်းမော်၌ ရန်ပုံငွေနှင့်စာအုပ်များ ပေးအပ်လှူဒါန်း လူနာများအား အခမဲ့ဆေးဝါးကုသပေး

ဗန်းမော် စက်တင်ဘာ ၁၉

ဗန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ကျေးရွာ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရန်ပုံငွေနှင့် စာအုပ် လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီက ဗန်းမော်မြို့နယ် ကောင်းခင့်ကျေးရွာအုပ်စု သပြေကုန်း ကျေးရွာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဗန်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းစဉ်(၅)ရပ်ကို အသေးစိတ်ရှင်းလင်းဟောပြောသည်။

ထို့နောက် စေတနာရှင်ပြည်သူများ ဌာနဆိုင်ရာများနှင့်လူမှုရေးအသင်းအဖွဲ့များက အောင်သပြေစာကြည့်တိုက်အတွက် ရန်ပုံငွေကျပ် နှစ်သိန်းသုံးသောင်းနှင့်သုတရသ စာအုပ်မျိုးစုံ၂၉၇အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံဦးညွန့်ဝေက လက်ခံယူသည်။ ဆက်လက်၍ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများက သပြေကုန်းကျေးရွာရှိ လူနာများအား အခမဲ့ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ ဆက်)**

ရှင်ဖွေယန်မြို့၌ ပန်းအလှပင်စိုက်ပျိုး မြေယာရှုခင်းပြုပြင်

ရှင်ဖွေယန် စက်တင်ဘာ ၅

ကချင်ပြည်နယ် ရှင်ဖွေယန်မြို့ စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အဖွဲ့ဝန်ထမ်းများ စက်တင်ဘာ ၂ရက်က ရှင်ဖွေယန်မြို့၊ မြို့ဝင်ဆိုင်းဘုတ်အနီးဝန်းကျင်၌ ပန်းအလှပင်မျိုးစုံ စိုက်ပျိုးခြင်းနှင့် မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းများ စုပေါင်းဆောင်ရွက်မှုကို မြို့စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးဆန်းအောင် ကြီးကြပ်ပေးကြောင်း သိရသည်။ **(၀၀၁)**

မိုးမောက်မြို့နယ် ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနေ့ ဟောပြောဆွေးနွေး

မိုးမောက် စက်တင်ဘာ ၁၅

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကြက်ခြေနီအသင်း၏ ပဉ္စမအကြိမ်မြောက် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အခမ်းအနားကို စက်တင်ဘာ ၁၃ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမင်းစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကြည်ရွှေက ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဖြစ်ပေါ်လာပုံနှင့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဆောင်ပုဒ်ဖြစ်သည့် ဘဝတစ်သက်တာအတွက် ရှေးဦးပြုစုခြင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ဟောပြောရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ရင်းမှူး ဒုတိယရဲမှူးမြင့်ကြူနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီသိန်းနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေဘို၌ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်းများဆင်း

ရွှေဘို စက်တင်ဘာ ၁၂

ရွှေဘိုမြို့ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၏ အမှတ်စဉ်(၃၅) ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများ ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၈ရက် နံနက်၁၀နာရီက ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်က အမှာစကားပြောကြားပြီး စာကြည့်တိုက်မှူး ဦးကျော်မင်းချစ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်

ထို့နောက် ခရိုင်အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

20-9 (16).pmd 1 9/21/2008, 2:51 AM

ရခိုင်ပြည်နယ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

စစ်တွေ စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၉နာရီက စစ်တွေမြို့ ဦးဉတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့်ဇနီး ဒေါ်သင်းမျိုးမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင်နှင့်ဇနီးတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များ ဖြင့်တင်ဆက်ပြီး တိုင်းမှူးက ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပါဝင်ယှဉ်ပြိုင်

ရခိုင်ပြည်နယ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ စစ်တွေ၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲခရိုင်တို့မှ ပြိုင်ပွဲဝင် ၁၄၉ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

(ပြည်နယ် ပြန်/ဆက်)

မကွေးကောလိပ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၉

မကွေးကောလိပ် ကျောင်းသားကျောင်းသူဟောင်း (၁၉၆၄-၁၉၇၆)များ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများကို ဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း)ဖုန်း-၅၃၀၀၃၂၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀-၁၈၅၃၃၊ ၅၄၅၅၉၉၊ ၅၄၅၆၇၂၊ ဦးတင်မောင်သန်း ဖုန်း-၀၉-၅၀-၀၃၈၉၉၊ ၆၈၀၉၀၉၊ ဦးသိန်းတန် ဖုန်း-၂၂၄၁၀၅၊ ဒေါ်ကြည်ကြည်တင် ဖုန်း-၅၅၃၄၁၈၊ ၀၉-၅၀-၂၄၀၄၁၊ ဒေါ်မိမိခိုင် ဖုန်း-၆၄၀၈၆၈တို့သို့ဖြစ်စေ၊ ယခင်နှစ် ဆက်သွယ်နေသော နယ်ကိုယ်စားလှယ်များ ထံဖြစ်စေ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်း ဖားကန့်၌ ဆောင်ရွက်

ဖားကန့် စက်တင်ဘာ ၁၈

ဖားကန့်မြို့နေ ပြည်သူများသွားလာမှု လွယ်ကူစေရေးအတွက် လယ်ပြင်-လုံးခင်း-ဖားကန့်လမ်းပေါ်ရှိ လယ်ပြင်လမ်း တစ်လျှောက်တွင် ရေနုတ်မြောင်း တူးဖော်ခြင်း လုပ်ငန်းနှင့် လမ်းပေါ်ရှိ ချိုင့်ခွက်များအား သဲကျောက်များဖြင့်ဖြည့်ခြင်း၊ သဲကျောက်ခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်းနှင့် အဖွဲ့ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်တွင်း၌ စက်သုံးဆီဖူလုံစေရေး ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ် ဝန်ထမ်းများကျရာတာဝန် ကျေပွန်စွာထမ်းဆောင်

နေပြည်တော် စက်တင်ဘာ ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းက မကွေးတိုင်း ချောက်မြို့နယ်ရှိ အမှတ်(၂) ရေနံချက်စက်ရုံသို့ သွားရောက်စစ်ဆေးရာ ဝန်ကြီးအား ရှင်းလင်းဆောင်၌ စက်ရုံမှူးက လက်ရှိရေနံချက်စက်ရုံ၏ ရေနံချက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်ရုံ၏လျာထားချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရေး၊ အလေအလွင့် ထိန်းသိမ်းရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုရေးတို့ကိုမှာကြားပြီး ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စက်ရုံအတွင်း ရေနံချက်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ဖယောင်းကုန်ကြမ်း၊ ဖယောင်းတိုင်ထုတ်လုပ်ရေးနှင့် ထုပ်ပိုးဖြန့်ဖြူးရေးဌာနများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီးသည် စက်ရုံစုပေါင်းခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံ၍ ကုန်ထုတ်လုပ်ငန်း လျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ မသမာသူများ ကင်းရှင်းရေးဂရုပြုကြရန် မှာကြား၍ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြိုးပမ်းဆောင်ရွက်

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောက်ရေနံမြေသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ချောက်ရေနံမြေ အထွေထွေမန်နေဂျာက လက်ရှိ ရေနံတူးဖော်ထုတ်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လက်ရှိရေနံအထွက်နှုန်း မကျဆင်းစေရန် ထိန်းသိမ်းသကဲ့သို့ တစ်ဖက်မှလည်း ရေနံတိုးတက် ထုတ်လုပ်နိုင်ရေးအတွက် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော Gold Petrol ရေနံကုမ္ပဏီအား တွန်းအားပေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အလေအလွင့် လျော့နည်းစေရေး ကြိုးပမ်းဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ချမှတ်ပေးသည်။

ကျေပွန်စွာထမ်းဆောင်

ထို့နောက် ဝန်ကြီးသည် ချောက်ရေနံမြေ စုပေါင်းခန်းမ၌ ရေနံမြေဝန်ထမ်းများအားတွေ့ဆုံ၍ ပြည်တွင်းစက်သုံးဆီ ဖူလုံစေရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရန်၊ ယခုအခါ ဆိုက်စမစ်တိုင်းတာချက်အရ အလားအလာ ကောင်းသောနေရာများ၌ ပေနက်တွင်းသစ်များ တူးဖော်ရန်ရှိသဖြင့် ဝန်ထမ်းများအနေနှင့် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားပြီး တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ချောက်မြို့ရှိ မော်တော်ယာဉ်သုံး CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်တင်ဘာ ၁၄ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၁၁)ကျောင်း သားကျောင်းသူများ သောက်သုံးရန် လီတာ ၅၀၀ ဆံ့ စတီးလ် သောက်ရေတိုင်ကီတစ်လုံးနှင့် ကျောင်းရှေ့မျက်နှာကြက် တပ်ဆင်ရန်အတွက် စုစုပေါင်းငွေကျပ်ခြောက်သိန်းကို အလှူရှင် ဦးကြိုင်-ဒေါ် လေး လေး မိသားစုကိုယ်စား သမီးဖြစ်သူ ကျောင်းသူဟောင်း မစန်းစန်းမော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းနုက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (၁၂၃)

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ညှိသည့်အဖွဲ့ တွေ့ဆုံ

ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra နှင့် National Hydroelectric Power Corporation Limited (NHPC) မှ Chairman and Managing Director, Mr.S.K.Gorg နှင့်အဖွဲ့သည် စက်တင်ဘာ ၁၆ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC)တို့ ပူးပေါင်းဆောင်ရွက်ကြမည့် ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေဇာရေးရေအားလျှပ်စစ်စီမံကိန်းတို့အတွက် နှစ်ဖက်နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ Ministry of Power မှ Joint Secretary Mr.Jayant Kawale နှင့် National Hydroelectric Power Corporation Limited (NHPC)မှ Chairman and Managing Director, Mr.S.K. Gorg နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Bhaskar Kumar Mitra က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC) မှ Chairmanတို့က နှစ်ဖက်နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး**(အပေါ်ပုံ)** စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

အကောင်အထည်ဖော်

ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံ National Hydroelectric Power Corporation Limited (NHPC)တို့သည် ချင်းတွင်းမြစ်ပေါ်ရှိ ထမံသီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေဇာရေး ရေအားလျှပ်စစ်စီမံကိန်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၆) မြောက်ဥက္ကလာပ၌ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၉

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းပြီး ဟောပြောပွဲနှင့် မှတ်ပုံတင်စာကြည့်တိုက်ဖြစ်မြောက်ရေး ဆွေးနွေးပွဲကို စက်တင်ဘာ၁၅ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်း (ရွှေပေါက်ကံ)ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်မြင့်မြင့်နိုင်က လူငယ်များအတွက် ဘဝရည်မှန်းချက် ခေါင်းစဉ်ဖြင့် ဟောပြောရာ ကျောင်းသား ကျောင်းသူ ၃၅၂ဦး တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟိုင်းကြီးကျွန်းမြို့နယ် လေဘေးသင့်ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ ၁၅ရက်တွင် လပွတ္တာမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ကုန်းသာယာကျေးရွာသစ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ ဟိုင်းကြီးကျွန်းမြို့နယ် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားလုပ်ငန်း ပြန်လည်ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကုန်းသာယာ ကျေးရွာသစ်အတွင်း လေဘေးသင့် အိမ်ထောင်စုများအတွက် လူနေအိမ်များဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ ကျေးရွာပြည်သူများ အေးချမ်းပျော်ရွှင်စွာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လူနေအိမ်များဖြင့် တိုးတက်ဖြစ်ပေါ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ရွှေသံလွင်ကုမ္ပဏီမှ ဆောက်လုပ်နေသည့် ကုန်းသာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာအတွင်း ရေရရှိရေး၊ ရေဖူလုံရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်လမ်းရှာနေသောလူငယ်များ စီးပွားရေးပညာရပ်ကို လေ့လာရန်လိုအပ်သိရှိ၊ လေ့လာမှုများကို လက်တွေ့အသုံးချနိုင်ရန်လည်း အရေးကြီး

အမေး/အရေး- မောင်မောင်မြင့်ဆွေ   ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)   စာမျက်နှာဖွဲ့စည်းသူ-သန်းဇော်

ရန်ကုန် စက်တင်ဘာ ၁၉

ကမ္ဘာ့နိုင်ငံအသီးသီးတွင် စီးပွားရေးပညာရပ်ကို လေ့လာလိုက်စားလာကြသည့် လူငယ်များ တစ်နေ့တခြား တိုးတက်များပြားလာသည်။ စီးပွားရေးပညာရပ်သည် အနာဂတ်ခရီးလမ်းကို ရည်မှန်းချက်ကြီးမားစွာဖြင့် ဖြတ်သန်းကြမည့် လူငယ်များအတွက် မဖြစ်မနေ လေ့လာဆည်းပူးသင့်သည့် ပညာရပ်တစ်ခုလည်းဖြစ်သည်။

တိုးမြင့်

ထို့ကြောင့် နိုင်ငံတကာနည်းတူ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးပညာရပ်ကို လေ့လာလိုက်စားသူဦးရေ တဖြည်းဖြည်း တိုးမြင့်လာလျက်ရှိရာ စီးပွားရေးပညာရပ်နှင့်ပတ်သက်ပြီး ခင်မောင်ညို(ဘောဂဗေဒ)နှင့်တွေ့ဆုံကာ သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့ပါသည်။

မြန်မာနိုင်ငံ၌ စီးပွားရေးပညာရပ်နှင့်ပတ်သက်ပြီး လေ့လာလိုက်စားမှုအခြေအနေကိုမေးမြန်းရာ "မြန်မာနိုင်ငံမှာ စီးပွားရေးပညာကို အရင်က ကျောင်းသင်ဘာသာရပ်အဖြစ်၊ ဝန်ထမ်းလုပ်ဖို့နဲ့ အလုပ်ကောင်းကောင်းရနိုင်တဲ့ ဘာသာရပ်တွေအနေနဲ့ပဲ စိတ်ဝင်စားခဲ့ကြတယ်။ တကယ်တမ်းမှာ သင်ကြားတဲ့သူတွေကလည်း ပြင်ပစီးပွားရေးလောကနဲ့ အဆက်အစပ်ထိတွေ့မှုတွေ နည်းခဲ့ကြတယ်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အရံဂြိုဟ်လ လေ့လာရေးယာဉ် ချန်ဒရာယန်-၁ အိန္ဒိယက လာမည့်လအတွင်း လွှတ်တင်မည်

နယူးဒေလီ စက်တင်ဘာ ၁၉

အိန္ဒိယနိုင်ငံက လာမည့် အောက်တိုဘာ ၂၂ရက်၌ ပထမဆုံး အရံဂြိုဟ်လလေ့လာရေးအာကာသယာဉ် ချန်ဒရာယန်-၁ကို လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယ အာကာသသုတေသနအဖွဲ့(အိုင်အက်စ်အာရ်အို)က စက်တင်ဘာ ၁၉ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

သယ်ဆောင်

အဆိုပါ အရံဂြိုဟ်လလေ့လာရေးစီမံကိန်းကို အိန္ဒိယအစိုးရက တရားဝင်ခွင့်ပြုပြီး ငါးနှစ်အကြာ ယခုကဲ့သို့ လဂြိုဟ်လေ့လာရေးခရီးစဉ် အကောင်အထည်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ချန်ဒရာယန်-၁ အာကာသယာဉ်တွင် အိန္ဒိယမှ ပစ္စည်းခြောက်မျိုးနှင့် နိုင်ငံခြားမှ ပစ္စည်းငါးမျိုးတို့ကို သယ်ဆောင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

မြန်မာ လိဂ် ဘောလုံး ပြိုင်ပွဲ

စက်တင်ဘာ ၁၉ရက်က အောင်ဆန်း အားကစားပြိုင်ကွင်း၌ကျင်းပသော မြန်မာလိဂ် (အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံး ပြိုင်ပွဲ) တွင် စွမ်းအင် အသင်း တိုက်စစ်မှူး မာလကာ ကွယ်ရေးဝန်ကြီးဌာန အသင်း နောက်ခံလူများ ကြားမှ ခေါင်း တိုက် ဂိုးသွင်းရန် ဉာဏ်သို့ ကြိုးစားခဲ့သည်။ (သတင်းအကျယ် စာ-၈) (မြန်မာ့အလင်း)

စက်မှုလုပ်ငန်းဆိုင်ရာ ညစ်ညမ်းမှုပြဿနာ ကမ္ဘာ့နိုင်ငံများ အလေးထားဖြေရှင်းကြရမည်

အောင်သုတ၏ သတင်းအက်ဆေး   စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး

ရန်ကုန် စက်တင်ဘာ ၁၉

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများတွင် စက်မှုလုပ်ငန်းဆိုင်ရာညစ်ညမ်းမှု(industrial pollution)၊ ကမ္ဘာ့မြို့ရွာများမှ အညစ်အကြေးများနှင့်အမှိုက်သရိုက်များစွန့်ပစ်မှု၊ ပင်လယ်သမုဒ္ဒရာများညစ်ညမ်းမှု(ocean pollution)၊ ရေထုညစ်ညမ်းမှု(water pollution)၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးများနှင့် ဓာတ်မြေသြဇာများညစ်ညမ်းမှု (chemical substances pollution)နှင့် အဏုမြူဓာတ်ပြာများညစ်ညမ်းမှု (nuclear pollution)တို့ ပါဝင်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●